# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (15-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါ။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၄ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၄ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်သည် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးအထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သည့် ကယားပြည်နယ်နေ့ဖြစ်ပါသည်။ ယခုကဲ့သို့ နေ့ထူးနေ့မြတ် အခါသမယတွင် ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း **စာမျက်နှာ ၁၅ ကော်လံ ၁**

# ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန **စာမျက်နှာ ၁၆ ကော်လံ ၁** ❑




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# တာဝန်ကျေပွန်ခဲ့သော ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ယူအားပေး

နိုင်ငံသားတိုင်းသည် မိမိနေထိုင်ရာနိုင်ငံကို ချစ်မြတ်နိုးကြပြီး နိုင်ငံတကာနှင့်ယှဉ်လာလျှင် ကိုယ့်နိုင်ငံကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်ဝင့်ထည်စေ ချင်သည့် စိတ်ဓာတ်မျိုးရှိကြသည်။ ထိုစိတ်ဓာတ်မျိုးရှိရုံဖြင့် နိုင်ငံသည်ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံသားတိုင်းလိုလားတောင့်တသည့် နိုင်ငံတော်ကြီး ဖြစ်လာစေရေး၊ အဖျက်အဆီးအနှောင့်အယှက်မရှိစေရေးအတွက် နိုင်ငံသားတိုင်းက တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာနိုင်မည်ဖြစ်ပေသည်။

လက်ရှိတွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်းအကြမ်းဖက်များ၏ လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီးပြိုကွဲမသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုမနှောင့်နှေးစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာနေရန်မှာ ပဓာနကျလာသည်။ တောင့်တင်းခိုင်မာသည့် ကာကွယ်ရေးအင်အားဖြင့်သာ နိုင်ငံတော်၏ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူ နိုင်ငံသားတိုင်းက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန်လိုအပ်ပေသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည် အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည် အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀) ထိ ဖွင့်လှစ်နိုင်ပြီဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)ထိ သင်တန်းဆင်းပွဲကိုလည်း ကျင်းပခဲ့ကာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်းတပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များကို နိုင်ငံတော်အပိုင်းက ပေးအပ်ချီးမြှင့်လျက်ရှိသည်။

နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံသားတစ်ဦး၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ သို့ဖြစ်ရာ ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ တာဝန်ကျေပွန်မှုကို ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၃၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၆၉၅၂ ဧက၊ ကျွန်းလှမြို့နယ်တွင် ၂၄၁ ဧက စုစုပေါင်း ၇၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၇၃၂၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက်လဲ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၇၀၈၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၂၃၉ ဧက စုစုပေါင်း ၇၃၂၈ ဧကဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် နှံ့ကားဆန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ကြံခင်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ဇန်နဝါရီလ ပထမပတ်ကစတင်၍ နှံ့ကားဆန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်ယူအားကောင်းလာခြင်းသည် ဒေသဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် နှံ့ကားဆန်ကို ဝယ်ယူအားပိုမိုကောင်းလာပါတယ်။ အခုလ ပထမပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ နှံ့ကားဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ပြည်တွင်းမှာအဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိတ်လုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ။ နှံ့ကားဆန်တွေ အရောင်းအဝယ် ကောင်းမွန်လာတော့ တောင်သူတွေနဲ့ ဆန်၊ စပါး သိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် နှံ့ကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်ယူအား ကောင်းလာခြင်းကြောင့် တောင်သူများ ဆန်၊စပါး သိုလှောင်ထားသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စေတုတ္တရာမြို့နယ် ကောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းကြီးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်စေလိုကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးတင့်ထွန်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်းကြီးကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၄ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇလွန်မြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဇလွန် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သရက်တပင်(မ)ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ညောင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ညောင်ကုန်းကျေးရွာ၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်ထံမှ သိရသည်။

**ဇင်မာ**

# ကဝမြို့နယ် ကန်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန်ပေါက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကန်ပေါက်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မင်းကင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧက ၂၈၅၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၃၀၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သရက်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၅၂ ဒသမ ၈၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၇သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၇၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၃သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်လူ**

# ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ဝါးခယ်မ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကထိလျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၀၁ ဒသမ ၇၅ တင်းထိထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်ကစပြီး ရိတ်သိမ်းခဲ့ပါတယ်။ အခုလက်ရှိမှာတော့ စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ GW-11 ၊ ပခမ်း GW -3 ဧရာမင်း၊ မော်ဘီ ၁၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မော်ဘီ ၃၊ နယူးဧက ၁၊ GW-18 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လယ်တွင်းဒေသက ပျဉ်းမနားမြို့ဟောင်း

ဗိုလ်ရှိတ်(ရတနာပူရ)

ပျဉ်းမနားမြို့ဟောင်းသည် မြစ်သားမြို့နယ်အတွင်း၌ရှိ၏။ မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ်၌ရှိသည်။ ပျဉ်းမနားမြို့သည် မြစ်သားမြို့နယ်အတွင်းရှိသည်ဟု ဆိုသော်လည်း ကူမဲမြို့နှင့်ပို၍နီး၏။ ကူမဲမြို့သည် ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၌ရှိသည်။

ကူမဲမြို့နှင့် ပျဉ်းမနားမြို့ဟောင်းသည် တစ်မိုင်မျှပင်မဝေးပေ။ သွားလာရလည်းလွယ်သည်။ ကူမဲမြို့တွင် တောင်မြောက်စီးဆင်းနေသော စမာမြောင်းကြီးရှိ၏။ ထိုစမာမြောင်းကြီး၏ အရှေ့ဘက်မြောင်းပေါင်အတိုင်း မြောက်ဘက်သို့သွားလျှင် ပျဉ်းမနားမြို့ဟောင်းသို့ ရောက်မည်ဖြစ်သည်။ ဒေသခံတို့က ပျဉ်းမနားမြို့ဟောင်းနေရာကို ပျဉ်းမနားကုန်းဟုခေါ်ကြသည်။ ပျဉ်းမနားမြို့ဟောင်းမှာ အရှေ့ဘက် စမာမြောင်းပေါင်ကြီးနှင့် ကပ်လျက်တည်ရှိသည်။ မြို့ဟောင်း၏အရှေ့ဘက်တွင် ပန်းလောင်မြစ်ရှိသည်။ ကူမဲမြို့မှ မြောင်းပေါင်အရှေ့ဘက် စမာမြောင်းအတိုင်း ခြောက်ဖာလုံခန့်သွားလျှင် လှည်းလမ်းကို တွေ့ရမည်ဖြစ်သည်။ ထိုလှည်းလမ်းအတိုင်း အရှေ့ဘက်သို့ အနည်းငယ်သွားလိုက်ပါက ပျဉ်းမနားမြို့ဟောင်းအတွင်းသို့ ရောက်ရှိမည်ဖြစ်ပေသည်။

**ပျဉ်းမနားမြို့ဟောင်းပုံစံနှင့် အကျယ်အဝန်း**

ပျဉ်းမနားမြို့ဟောင်းပုံစံကို အချို့မှတ်တမ်းများ၌ မြင်းခွာပုံစံရှိသည်ဟုဆိုကြသည်။ မြို့ရိုးတစ်လျှောက် ကွင်းဆင်းကြည့်သောအခါတွင် မြင်းခွာပုံစံမဟုတ်ပေ။ အဖြောင့်မြို့ရိုးမှာ တောင်ဘက်နှင့်မြောက်ဘက်နှစ်ဖက်စလုံးတွင်ရှိသည်။ မြို့ရိုးမှာ တောင်မြောက်အလျားရှည်ပြီး အရှေ့အနောက်အနံတိုသည်။ တောင်ဘက်တွင် ကျဉ်း၍ မြောက်ဘက်သို့ ဖြာထွက်သွားသော ယပ်တောင်သဏ္ဌာန် မြို့ရိုးဖြစ်သည်။ တောင်မြောက်မြို့ရိုးနှစ်ခုမှာ အရှေ့မြို့ရိုး၊ အနောက်မြို့ရိုးနှစ်ခုကဲ့သို့ အဖြောင့်မဟုတ်ဘဲ ခပ်ကွေးကွေးလေးဖြစ်နေသည်။ မြောက်ဘက်မြို့ရိုးသည် နှစ်ပေခန့်မြင့်နေသည်ကို တွေ့ရသည်။ အချို့နေရာသည် လူနေအိမ်များ၏ခြံစည်းရိုးများအဖြစ်သို့ရောက်ရှိနေသည်။ တောင်ဘက်မြို့ရိုးမှာမူ ငါးပေခန့်အမြင့်ထိကျန်ရှိနေသည်။ ထို့အတူ တောင်ဘက်မြို့ဝင်ပေါက်နေရာကိုလည်း ထင်ရှားစွာ တွေ့ရသည်။ မြို့ဝင်ပေါက်ဟူ၍ တောင်ဘက်မျက်နှာ၌သာ တွေ့ရသည်။ မြို့ရိုးအုတ်မှာ အရွယ်အစားနှစ်မျိုး တွေ့ရသည်။ အလျား ၁၄လက်မ၊ အနံ ရှစ်လက်မ၊ ဒ နှစ်လက်မနှင့် အလျား ၁၇လက်မ၊ အနံ ရှစ်လက်မ၊ ဒ နှစ်လက်မအရွယ်ရှိ အုတ်များဖြစ်သည်။ ဤမြို့ရိုးသည်လည်း ညောင်ရမ်းခေတ် မြို့ရိုးဟုယူဆရသည်။ မြို့ရိုးပတ်လည် အလျားပေါင်းမှာ ၄၄၀၃ ပေခန့်ရှိ၍ ၂၈ ဧကခန့် ကျယ်ဝန်းသည်။

**မြို့တွင်းအခြေအနေ**

ပျဉ်းမနားမြို့ဟောင်းအတွင်း၌ စိုက်ပျိုးခြံများ၊ အိမ်ခြေများတိုးပွားလာသည်ကို တွေ့ရသည်။ ထို့အတူ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်း တိုးလာသည်ကို တွေ့ရသည်။ ပျဉ်းမနားမြို့သစ်ကျောင်းဟူ၍ ကမ္ပည်းတင်ထား၏။ ကျောင်းကို ၁၃၇၈ ခုနှစ် (၂၀၁၆) တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိသီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော်၏ဘွဲ့အမည်မှာ ဘဒ္ဒန္တစန္ဒသိရီဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းသည် ပျဉ်းမနားမြို့အလယ်လောက်တွင်ရှိသည်ဟု ခန့်မှန်းရသော်လည်း မြောက်ဘက်မြို့ရိုးနှင့်ပို၍နီး၏။

ဘုန်းတော်ကြီးကျောင်း၏ တောင်ဘက်ကပ်လျက်တွင် အုတ်တံတိုင်းလေးဖက် ကာရံလျက်ရှိသော စေတီသုံးဆူရှိသည်။ စေတီများသည် လေးထောင့်ပုံအောက်ခံပေါ်တွင် ပစ္စယာသုံးဆင့်တင်ထားပြီး ပစ္စယာအထက်၌ ခေါင်းလောင်း၊ သပိတ်၊ ဖောင်းရစ်တို့ဖြင့် အထွတ်တင်ထားသည့်ပုံစံဖြစ်သည်။ စေတီများမှာ ယခုမျက်မှောက်ခေတ်ကာလတွင် ပြန်လည်ပြုပြင်ထားသည်။ ဤစေတီသုံးဆူသည် ပျဉ်းမနားမြို့လယ်တွင်ရှိသဖြင့် မြို့လယ်စေတီများဟုဆိုနိုင်သည်။

စေတီ သုံးဆူတွင် အနောက်ဘက်စေတီနှစ်ဆူမှာ ပြန်လည်ပြုပြင်ထားပြီး အရှေ့ဘက်စေတီတစ်ဆူမှာ ပြိုပျက် နေသည့်အတိုင်း ရှိနေသည်။ ဤစေတီမှာ ညောင်ရမ်းခေတ်စေတီဖြစ်သည်။ အုတ်အရွယ်အစားမှာ အလျား ၁၄လက်မ၊ အနံ ခုနစ်လက်မ၊ ဒ နှစ်လက်မ ရှိပေသည်။

**ပျဉ်းမနား ရွှေဂူကြီး**

ပျဉ်းမနားရွှေဂူကြီးမှာ တောင်ဘက်မြို့ရိုးအနီး၌ တည်ရှိ၏။ မြို့ရိုးဝင်ဝင်ချင်း အနောက်ဘက်တွင်ရှိသည်။ စေတီပုံစံအသွင်ဖြင့်မတွေ့ရတော့ဘဲ ကြီးမားသော ဘုရားကုန်းကြီးအသွင်သာ တွေ့မြင်ရသည်။ ဤဘုရားကုန်းမှရရှိသော အုတ်အရွယ်အစားမှာ အလျား ၁၇ လက်မ၊ အနံ ရှစ်လက်မ၊ ဒ နှစ်လက်မ ရှိပေသည်။ အနော်ရထာမင်းကြီးသည် လယ်တွင်းဒေသ ပန်းလောင်မြစ်ရိုးတစ်လျှောက်တွင် ရွှေဂူကြီး ကိုးဆူကိုတည်ခဲ့သည်ဟုဆိုကြသည်။ ပျဉ်းမနားမြို့ဟောင်းအတွင်း၌ရှိသော ဤဘုရားကုန်းကြီးကို ရွှေဂူကြီး ကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည်ဟု သုတေသီတို့က သတ်မှတ်ကြသည်။

**❖ ပျဉ်းမနားမြို့ဟောင်းပုံစံကို အချို့မှတ်တမ်းများ၌ မြင်းခွာပုံစံရှိသည်ဟုဆိုကြသည်။ မြို့ရိုးတစ်လျှောက် ကွင်းဆင်းကြည့်သောအခါတွင် မြင်းခွာပုံစံမဟုတ်ပေ။ အဖြောင့်မြို့ရိုးမှာ တောင်ဘက်နှင့်မြောက်ဘက် နှစ်ဖက်စလုံးတွင်ရှိသည်။ မြို့ရိုးမှာ တောင်မြောက်အလျားရှည်ပြီး အရှေ့အနောက်အနံတိုသည်။ တောင်ဘက်တွင်ကျဉ်း၍ မြောက်ဘက်သို့ဖြာထွက်သွားသော ယပ်တောင်သဏ္ဌာန်မြို့ရိုးဖြစ်သည်။ တောင်မြောက်မြို့ရိုးနှစ်ခုမှာ အရှေ့မြို့ရိုး၊ အနောက်မြို့ရိုးနှစ်ခုကဲ့သို့ အဖြောင့်မဟုတ်ဘဲ ခပ်ကွေးကွေးလေးဖြစ်နေသည်။ မြောက်ဘက်မြို့ရိုးသည် နှစ်ပေခန့်မြင့်နေသည်ကို တွေ့ရသည်။ ❖**

**ရှေးခေတ်ပျဉ်းမနားမြို့ဟောင်း အကျယ်အဝန်း**

နန်းစဉ်စာရင်းချုပ်ကြီးနှင့် ဇာတာတော်ပုံရာဇဝင်တွင် ပျဉ်းမနားမြို့ဟောင်းသည် တစ်ရာပြုမြို့ ရှစ်မြို့တွင်ပါဝင်ပြီး မြို့တာ ၃၈၈ တာကျယ်ဝန်းကြောင်း တူညီစွာဖော်ပြထားသည်။ ဓမ္မကွန့်ချာကျမ်းတွင် မြို့တာဝန်း၊ တာ ၃၈၀ ကျယ်ဝန်းကြောင်း ဖော်ပြထားသည်။ တာ ၃၈၀ မှာ ၃၈၈ တာကို အကူးမှားခြင်း ဖြစ်နိုင်သည်။ သုညနှင့် ရှစ်ကိုမှားပြီး တာ ၃၈၀ ဟု ရေးကူးခဲ့ခြင်းကြောင့်ဖြစ်နိုင်သည်။

**ပျဉ်းမနားစစ်တမ်း**

ဆရာမကြီး ဒေါက်တာရီရီက လယ်တွင်းကိုးခရိုင်အဝင်မြို့များနှင့် သက်ဆိုင်သည့်စစ်တမ်းများကိုမတွေ့ရဘဲ ရှေ့နေဦးဘသိမ်း၏ ကိုးခရိုင်သမိုင်းတွင်ပါသည့် ကိုးခရိုင်အဝန်း စစ်တမ်းချုပ်သာတွေ့ရသည်ဟုဆိုထားသည်။ ဆရာမကြီးဆိုသလိုပင် ကိုးခရိုင်ဝင်မြို့များ၏ အသေးစိတ်မှတ်တမ်းမှာ ရှားပါးလှသည်။ ကိုးခရိုင် သမိုင်းတွင်ပါသည့် ကိုးခရိုင်အဝန်း စစ်တမ်း၊ မြစ်သား စစ်တမ်း၊ မက္ခရာစစ်တမ်းတို့သာတွေ့ရသည်။ တွေ့ရသောမက္ခရာစစ်တမ်းနှင့် မြစ်သားစစ်တမ်းတို့မှာလည်း မက္ခရာစစ်တမ်းသာ အနည်းငယ်ပြည့်စုံမှုရှိပြီး မြစ်သားစစ်တမ်းမှာ တိုလွန်းလှသည်။

တစ်နေ့တွင် စာရေးသူသည် မမျှော်လင့်ဘဲ ပျဉ်းမနားစစ်တမ်းကိုရှာဖွေတွေ့ရှိခဲ့သည်။ ပျဉ်းမနားစစ်တမ်းကို ရှာဖွေတွေ့ရှိခဲ့သည့်အချိန်မှစ၍ သေချာစွာဖတ်ရှုလေ့လာခဲ့သည်။ သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ (ခရစ်နှစ် ၁၈၀၂ ခုနှစ်) ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ကောက်ယူခဲ့သောစစ်တမ်းဖြစ်သည်။ ပျဉ်းမနားစစ်တမ်းမှာ နဂိုရှိပြီး မက္ခရာစစ်တမ်း၊ မြစ်သားစစ်တမ်းတို့ထက် ပို၍ပြည့်စုံမှုရှိသောစစ်တမ်းဖြစ်သည်။ သို့သော် စစ်တမ်းမှာ အပြစ်အနာအဆာများသောပုရပိုက်ဖြစ်သည်။ အချို့နေရာတွင် စာလုံးများပျက်နေသည်ကို တွေ့ရသည်။

ပျဉ်းမနားစစ်တမ်းသည် ဘိုးတော်ဗဒုံမင်း၏ အမိန့်တော်ကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုတွေ့ရှိရသော ပျဉ်းမနားစစ်တမ်းတွင် ဘိုးတော်ဗဒုံမင်း၏အမိန့်တော်ကိုပါ ထည့်သွင်းဖော်ပြထား၏။ ထိုအမိန့်တော်တွင် ပျဉ်းမနားမြို့နယ် အကျယ်အဝန်းကိုလည်း တွေ့ရ၏။

"ပျဉ်းမနားမြို့နယ်မြေမှာ အရှေ့ကို ပန်းလောင်မြစ်ထိပ်၊ တောင်ကို တောင်တော်ပြွန်ယာဉ်ပြန်မြောင်းကိုလျှော်၍ စမုံမြစ်ထိ၊ ၎င်းကသည် မြောင်းကို စမုံကော ကော်စင်းစင်း သိမ်ခိုမြောင်းထိ၊ ၎င်းကသိမ်ခို မြောင်းပိန် တောလယ်မြောင်းကိုလျှော်၍ စမာမြောင်းကူး ပန်းလောင်မြစ်၊ မြင်းခုံတိုင်နယ် မြစ်သားနယ်ဆုံး၊ ၎င်းကတောင် ပန်းလောင်မြစ်ကို လျှော်၍ ပဋ္ဌမနမိတ် တောင်တော်ပြွန်ထိနယ်မြေကို ပျဉ်းမနားမြို့ဖြစ်စေ။ ပျဉ်းမနားမြို့နယ်မြေအတွင်း အိမ်ခြေပယ်နယ် စစ်တမ်းစာရင်းကို ပျဉ်းမနားမြို့သူကြီးဆက်စေ။

သက္ကရာဇ် ၁၁၆၃ခု၊ ကဆုန်လဆန်း ၈ ရက်နေ့ (၁၈၀၁၊ ဧပြီလ ၁၉ရက်) နားခံတော် ကျော်စွာ နော်ရထာပြန်"ဟူ၍ဖြစ်သည်။

စစ်တမ်းများစွာရှိသော်လည်း ယခုလို စစ်တမ်း ဆက်သွင်းစေရန် ထုတ်ပြန်သည့် အမိန့်တော်ကိုပါ ထည့်သွင်းဖော်ပြထားသည့် စစ်တမ်းမှာရှားသည်ဟု ဆိုနိုင်သည်။ ပျဉ်းမနားစစ်တမ်းတွင် ပျဉ်းမနားမြို့ အဝင် ရွာပေါင်းရှစ်ရွာထိ ပါဝင်အစစ်ခံထားသည်ကို တွေ့ရသည်။ ထိုရှစ်ရွာမှာ ပေကုန်းရွာ၊ ဘီကျွဲရွာ၊ ပျဉ်းမနား၊ ဘောင်ချောင်ရွာ၊ ရှင်ငယ်ပြေရွာ၊ ငါးဆူရွာ၊ ညောင်ကုန်းရွာ၊ နွားကူးရွာတို့ဖြစ်သည်။

**ပျဉ်းမနားစစ်တမ်းတွင်တွေ့ရသော သူကြီးများ**

ပျဉ်းမနားစစ်တမ်းသည် ဘိုးတော်ဗဒုံမင်းလက်ထက် ကောက်ယူခဲ့သောစစ်တမ်းဖြစ်သည်။ စစ်တမ်းကို ဆက်သွင်းရသူမှာ ပျဉ်းမနားသူကြီး နရာကျော်ထင်ဖြစ်သည်။ ထိုစစ်တမ်းအရ ဘိုးတော်ဗဒုံမင်းလက်ထက် တွင် ပျဉ်းမနားမြို့ကို စီရင်အုပ်ချုပ်ခဲ့သော သူကြီးမှာ နရာကျော်ထင်ဖြစ်ကြောင်း သိရသည်။ သူကြီးနရာ ကျော်ထင်၏အစစ်ခံချက်အရ ပျဉ်းမနားမြို့ကို အလောင်းမင်းတရားကြီးလက်ထက်တွင် သူကြီးစံသွင်က ကြီးစိုးစီရင်အုပ်ချုပ်ခဲ့သည်။ သူကြီးစံသွင်မရှိသောအခါတွင် သူကြီးအရာကို ရောဂက ဆက်ခံကြီးစိုးခဲ့သည်။ သူကြီးရောဂ အိုမင်းမစွမ်းဖြစ်သောအခါ သားဖြစ်သူ နရာကျော်ထင်သည် အဖအရာကိုဆက်ခံ၍ ပျဉ်းမနားမြို့ကို စီရင်အုပ်ချုပ်ခဲ့ကြောင်း သိရပေသည်။

**ကျောက်စာများ၌တွေ့ရသော ပျဉ်းမနား**

ပျဉ်းမနားဟူသောအမည်ကို အစောဆုံးတွေ့ရသည့် ကျောက်စာမှာ သက္ကရာဇ်၅၄၅ ခုနှစ်(၁၁၈၃)ထိုး စုဋ္ဌာမဏိဘုရားကျောက်စာဖြစ်သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ပျဉ်းမနားအမည်ပါကျောက်စာများကို ရွေးချယ်ဖော်ပြရလျှင်အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

၁။ ပ္လည်မနာခရိုင် = စုဋ္ဌာမဏိကျောက်စာ၅၄၅ထိုး။
၂။ ပ္လည်မနာရွာခွင် = ဓမ္မရာဇိကဘုရား ကျောက်စာ (ကျော) ၅၆၀ ပြည့်နှစ်ထိုး။
၃။ ပ္လည်မနာ = သံဖျင်အစလဘိရစ် ဒါနပတိ မောင်နံ့ကျောက်စာ (ကျော) ၆၀၄ ခုထိုး။
၄။ ပ္လည်မနာကျွန် = အစောလတ် မောင်နံ့ ကျောက်စာ(ကျော) ၆၃၂ ထိုး။
၅။ ပ္လည်မနာ = တာမလိန်ကျောင်းကျောက်စာ ၆၄၁ ခုထိုး။
၆။ ပ္လည်မနာ = ရာဇသင်ကြံမြေလှူ ကျောက်စာ ၆၅၈ ခုထိုး။
၇။ ပ္လည်မနာ = စစ်လျင်သူကြီး အနန္တသူ ကျောက်စာ ၆၆၁ ခုထိုး။

**မင်စာ**

ပျဉ်းမနားဟူသောအမည်ကို ပုဂံခေတ်ထိုး ကျောက်စာများတွင်သာမက ပုဂံခေတ်ရေး မင်စာတို့တွင်လည်း တွေ့သည်။ ပုဂံမြို့ဓမ္မရာဇိက ဘုရားမင်စာ အမှတ်(၁၉) တွင် ပ္လည်မနာရွာခွင်ဟူ၍ တွေ့ရသည်။ ထို့အတူ ဓမ္မရာဇိကဘုရား မင်စာအမှတ် (၂၄) တွင် လည်း ပ္လည်မနာရွာခွင်ဟူ၍ တွေ့ရသည်။

**ပျဉ်းမနားဟူသောအမည်**

ပျဉ်းမနားဟူသောအမည်ကို ပုဂံခေတ်ထိုး ကျောက်စာ၊ ပုဂံခေတ်ရေးမင်စာတို့တွင် ပ္လည်မနာဟူ၍သာ အစဉ်တစိုက်ရေးခဲ့ကြသည်ကို တွေ့ရသည်။ "မ္လည်မနာ"ဟူသောရေးထုံးကို ကျောက်စာတစ်ရပ် တွင်သာတွေ့ရသည်။ ဦးကုလားရာဇဝင်ကြီး၊ မှန်နန်း ရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်တို့တွင် မြစ်မနား ဟူ၍ရေးသည်။ ပျဉ်းမနားစစ်တမ်း၊ တွင်းသင်းရာဇဝင် သစ်နှင့်မှတ်တမ်းတချို့တွင် ပျဉ်းမနားဟူ၍ရေးသည်။

မြစ်မနားဟုအမည်ရခြင်းကို အချို့က ပန်းလောင် မြစ်ကြီး၏ အနီးတွင်ရှိသောကြောင့် မြစ်မနားဟု တွင်ကြောင်းဆိုကြသည်။ ပြည်မနားဟုရေးသားကြ ခြင်းမှာလည်း ပြည်ကြီးမြို့တော်ကြီး ပင်လယ်ပျူ မြို့ဟောင်းကြီးနှင့် အနီးဆုံးဖြစ်သောကြောင့် ပြည်မနားဟုအမည်တွင်ကြောင်း ဆိုကြသည်။

ဦးဘသိမ်း၏ကိုးခရိုင်သမိုင်းတွင် ပျဉ်းမနားဟုအမည် တွင်ပုံကို စိတ်ဝင်စားဖွယ်ရာပြဆိုထား၏။ အနော်ရထာ မင်းသည် မြစ်သားမြို့အနီးတွင် ဆည်တော်လုပ်မည့် နေရာကို ညွှန်ပြစေရန်အဓိဋ္ဌာန်၍ နတ်တို့ကိုပွဲကန္နား တင်ယင်ပသသည်။ ထိုအခါ ကျီးတစ်ကောင်သည် ကြက်ဥကိုချီ၍ တောင်အရပ်သို့ပျံသွား၏။ မင်းကြီး လည်း ငပျည်းကို ကျီးနားရာသို့မနားဘဲလိုက်စေ၏။ ကျီးသည် ပျဉ်းမနားအရပ်တွင် တထောက်နား၏။ ကျီးနားသောအရပ်သို့ ငပျည်းသည် မနားမနေလိုက် သောကြောင့် ငပျည်းမနားဟုတွင်၏။ နောက်မှ "င" ပျောက်၍ ပျည်းမနားဟုတွင်ကြောင်း ဖော်ပြထား သည်။ ဦးဘသိမ်း၏ ကိုးခရိုင်သမိုင်းထက်စောသော ကိုးခရိုင်သမိုင်းပေမူတွင် ပျဉ်းမနားအမည်တွင်ပုံကို ဦးဘသိမ်း၏ ကိုးခရိုင်သမိုင်းအတိုင်း ဖော်ပြထား သည်။ ဦးဘသိမ်းသည် ကိုးခရိုင်သမိုင်းလက်ပေမူ အတိုင်း ဖော်ပြခဲ့ခြင်းကြောင့် တူညီနေခြင်းဖြစ်နိုင်သည်။

ဆရာကြီးဦးဖိုးလတ်က ကျောက်စာများတွင် ရေးသားသော ပ္လည်မနာကို ပြည်မနားဟူ၍ဖတ်ရမည် ဖြစ်ပြီး အဓိပ္ပာယ်ကိုလည်း မရပ်မနားရေပြည့်ဝနေ သောအရပ်ဟုဖွင့်ဆိုပြထားသည်။

**နောက်ခံသမိုင်း**

ပျဉ်းမနားမြို့သည် အနော်ရထာမင်းကြီးလက်ထက် လယ်တွင်း ၁၁ ရွာဖွဲ့ရာတွင်လည်း ပါဝင်ခဲ့သည်။ လယ် တွင်း ၁၁ ရွာမှ လယ်တွင်းကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်း ရာတွင်လည်း ပါဝင်ခဲ့သည်။ စာမျက်နှာ ၅ သို့ ➔

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



မုံရွာ ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ်အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၄၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲ ၃၂၇၉၄ ကေ လျာထားစိုက်ပျိုးခဲ့ရာ ၃၃၄၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၅၁ ကေ၊ ကနီမြို့နယ်တွင် ၁၈၇၅၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ ကေ၊ ပုလဲမြို့နယ်တွင် ကေ ၁၀၅၀ စုစုပေါင်း ၃၃၄၂၄ ကေဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၃၀၀၀၊ ကနီမြို့နယ်တွင် ၁၀၀၉၄ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၁၈၇၀၀၊ ပုလဲမြို့နယ်တွင် ကေ ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ကေဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၁၇၄၅ ခုနှစ် (ခရစ်နှစ် ၁၇၈၃ ခုနှစ်) ဘိုးတော်ဗဒုံမင်းလက်ထက် ကောက်ယူခဲ့သော အိမ် ခြေ စာရင်းချုပ်တွင် ပျဉ်းမနားမြို့၌ အသည် ၉၅ အိမ်၊ စုခြား ၃၉၉ အိမ်၊ နှစ်ခုပေါင်း ၄၉၄ အိမ်ရှိကြောင်း တွေ့ရသည်။ ဤစာရင်းသည် ဘိုးတော်ဗဒုံမင်းလက်ထက်ကောက်ယူခဲ့သောစာရင်းဖြစ်သော်လည်း ၁၁၈၈ ခုနှစ် (ခရစ်နှစ် ၁၈၂၆ ခုနှစ်) ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရောက်မှ ဆက်သသောစာရင်းဖြစ်သည်။ ဤစာရင်းအပြင် ၁၁၄၅ ခုနှစ်(ခရစ်နှစ် ၁၇၈၃ ခုနှစ်) ရွှေတိုက်စာရင်းဝင် နိုင်ငံတော်အတွင်း မြို့ကျေးရွာများစာရင်းတွင်လည်း ပျဉ်းမနားမြို့ရှိ အသည် စုခြား အိမ်အခြေစာရင်းကို တွေ့ရပြန်သည်။ ဤစာရင်းတွင် ပျဉ်းမနားမြို့၌ အသည် ၁၃၀၊ စုခြား ၃၉၉ အိမ်၊ နှစ်ခုပေါင်း ၅၂၉ အိမ်ရှိကြောင်း တွေ့ရသည်။

ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် မြို့တိုင်း၊ ရွာတိုင်းတွင် စစ်ရအမှုထမ်းများ ခွဲဝေထားရှိခဲ့သည်။ စစ်ရအမှုထမ်းခွဲဝေရာတွင် ပျဉ်းမနားမြို့တွင်လည်း စစ်မှုထမ်းများရှိခဲ့သည်။ ပျဉ်းမနားမြို့တွင်ရှိသော စစ်ရအမှုထမ်းစာရင်းမှာ-

အိမ်ရင်း ၄၉၄

စစ်ရ ၂၀

သေနတ် ၁၀

လှံ ၁၀ စသည်ဖြင့်တွေ့ရသည်။ ဤမှတ်တမ်းအရ ပျဉ်းမနားမြို့တွင် စစ်မှုထမ်းနိုင်သော စစ်ရအမှုထမ်း သေနတ်ကိုင် ၁၀ ဦး၊ လှံကိုင် ၁၀ ဦးရှိကြောင်း သိရသည်။

### ရတနာပုံခေတ်

ပျဉ်းမနားမြို့သည် လယ်တွင်း ၁၁ ရွာ စတည်သည့်အချိန်မှစ၍ နောက်ဆုံး ရတနာပုံမန္တလေးခေတ်ထိ မြို့အဖြစ်တည်ရှိခဲ့သည်ဟု ဆိုနိုင်သည်။ ၁၂၂၀ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် (၁၈၅၈ ခုနှစ် ဇွန်လ ၆ ရက်) မင်းတုန်းမင်းလက်ထက် ထုတ်ပြန်ခဲ့သော အမိန့်တစ်ရပ်တွင် ပျဉ်းမနားမြို့ဟု သုံးထားသည်ကို တွေ့ရသည်။ ဤအမိန့်အရ ပျဉ်းမနားမြို့သည် ရတနာပုံမန္တလေးခေတ်ထိ မြို့အဖြစ်တည်ရှိနေသည်ဟု သိရသည်။ ထိုအမိန့်တော်၌ ထပ်မံ၍သိရသည်မှာ ပျဉ်းမနားမြို့ စီရင်စုနယ်အတွင်းရှိသော လက်ဝဲဝင်းငါးဆူရွာကို ကင်းဝယ်ဒိုင်းခေါင်း ငဆန်းက ကြီးစိုးအုပ်ချုပ်ရကြောင်း သိရသည်။

### ပျဉ်းမနားမင်းသား

မြန်မာမင်းများလက်ထက်က ပျဉ်းမနားမြို့ကိုစားရသော ပျဉ်းမနားမင်းသားများရှိခဲ့သည်။ အချို့က ပျဉ်းမနားမင်းသားများစားရသော ပျဉ်းမနားမြို့မှာ ယခုနေပြည်တော် ပျဉ်းမနားမြို့ဟု ထင်နေကြသည်။ အမှန်က မဟုတ်ပါ။ ဘုရင့်သားတော်များစားရသော ပျဉ်းမနားမြို့မှာ လယ်တွင်း ၁၁ ရွာအဝင် ပျဉ်းမနားမြို့ကိုဆိုခြင်းဖြစ်သည်။

ရှေးက ပျဉ်းမနားမြို့ကိုစားရသော မင်းသားများသည် အသက်ရှည်ကြသည်ဟု ယုံကြည်ကြသူများရှိခဲ့သည်။ အခြားမြို့များကို မြို့စားအဖြစ်မတောင်းဘဲ သေးငယ်သောပျဉ်းမနားမြို့ကိုပင် မြို့စားအဖြစ်တောင်းသူများရှိခဲ့သည်။ မင်းတုန်းမင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော ကြေးမြင်မိဖုရားသည် သားတော်လေးမွေးဖွားသောအခါတွင် မင်းတုန်းမင်းက သားတော်အတွက် လိုသောမြို့ကိုတောင်းပါဟု မိန့်တော်မူသည်။ ကြေးမြင်မိဖုရားက သေးငယ်သောပျဉ်းမနားမြို့ကိုပင် တောင်းကြောင်းကို ဦးစိန်မောင်ဦး၏မှတ်တမ်း၌-

"မြန်မာနှစ် ၁၂၃၃ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့ (၁၈၇၂ ခုနှစ် ဖေဖော်ဝါရီ၂၅ ရက်) တွင် ပြဉ်းမနားမင်းသားကလေးကို ဖွားမြင်သောအခါ မင်းတုန်းမင်းတရားကြီးက သားတော်အတွက် လိုသောမြို့ကို တောင်းပါဟု မိန့်တော်မူသောအခါ ကြေးမြင်မိဖုရားက ပြဉ်းမနားမြို့ကို သနားတော်မူရန် လျှောက်ထားခဲ့ပါ၏။ ပြဉ်းမနားမြို့သည် ငယ်သည်။ ပို၍ကြီးသောမြို့ကိုတောင်းပါဟု မင်းတုန်းမင်းတရားကြီးက အမိန့်တော်ရှိသောအခါ ကြေးမြင်မိဖုရားက မြန်မာနှစ် ၁၂၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက် (၁၉၁၅ခုနှစ် စက်တင်ဘာ ၃ရက်) တွင် ကံကုန်သောသက်တော်ရှည် ပြဉ်းမနားမင်းသားကြီးကဲ့သို့ သားတော်ကလေးအား အသက်ရှည်စေလိုသောကြောင့် ဤမြို့ကိုတောင်းပါသည် ဘုရားဟု ရှင်းလင်းလျှောက်ထားခဲ့ပါ၏။ ကြေးမြင်မိဖုရား၏ဆန္ဒအတိုင်း ပြဉ်းမနားမင်းသားသည် မြန်မာနှစ် ၁၃၂၅ ခုနှစ် နယုန်လဆန်း ၁၅ ရက် (၁၉၆၃ ခုနှစ် ဇွန် ၆ ရက်)တွင် ကံကုန်ပါသတည်း" ဟူ၍ ဖော်ပြထားသည်။

ပြဉ်းမနားဟူသောအသုံးသည် ဆရာကြီးဦးစိန်မောင်ဦး သုံးထားသည့်အတိုင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ ခရစ်နှစ်ရက်စွဲများမှာ စာရေးသူ ဖြည့်ထားခြင်းဖြစ်သည်။ ဆရာကြီး၏ မှတ်တမ်းအရ ပျဉ်းမနားမြို့စားများသည် အသက်ရှည်ကြသည်ဟု ဆိုရန်ရှိပေသည်။

## လှုလွှန်းပေသည် ကန္ဒရဝတီ

\- ကန္ဒရဝတီ အမည်လှ
ရှေးရှေးက သူ့အသွင်၊
ယခုတိုင် သတင်းမွှေး
အေးမြပျော်ရွှင်၊
ဘီလူးချောင်းရေက တသွင်သွင်
စဉ်ဆက်ပင် စီးဆင်းမြဲ၊
ငွေတောင်ဆည် ရှုခင်းက
လှပလျက်ပဲ။

\- ကယားပြည်နယ် အလှတော
သဘောကျ နှစ်ခြိုက်ဖွယ်၊
ယခုအခါ ပြည်နယ်နေ့
ချမ်းမြေ့လှတယ်၊
ကောင်းသတင်း ပြည့်ဝကြွယ်
ဂုဏ်တင့်တယ် သတင်းမွှေး၊
တောင်ကွဲစေတီ မြင်သာထူး
ဖူးမြော်ကြလေး။

\- လွိုင်ကော်မှာ လောပိတ
အစပြုလို့ အခြေတည်၊
အလင်းရောင် လျှပ်စစ်ပေး
ကျေးဇူးတင်သည်၊
ကယားပြည်နယ်က စခဲ့ပြီ
မြန်မာပြည် တစ်နံတလျား၊
ပြည်သူကို အကျိုးပြု
အောင်မြင်မှုများ။

\- ပြည်မြန်မာ နိုင်ငံတစ်ဝန်း
ရွှင်လန်းကြ သည်ချိန်ခါ၊
ဇန်နဝါရီ လမြတ်ထူး
နှစ်ကူးရောက်လာ၊
တိုင်းရင်းသားတို့ ပျော်ရွှင်စွာ
အေးချမ်းသာ စိတ်နှလုံး၊
စည်းလုံးညီညာ ရွှေလက်တွဲလို့
မြဲ ပျော်မဆုံး။ ။

(ဇန်နဝါရီ ၁၅ ရက်တွင်ကျရောက်သော ကယားပြည်နယ်နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

**အာကာမောင်မောင်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## မွေးကင်းစကလေး ကိုးဦး သေဆုံးခဲ့ရမှု တာဝန်ရှိဆရာဝန်နှစ်ဦးကို ရုရှားဖမ်းဆီးထိန်းသိမ်း

**မော်စကို ဇန်နဝါရီ ၁၄**

ဆိုက်ဘေးရီးယား ဒေသရှိ သားဖွားဆေးရုံတစ်ရုံ၌ ရက်အနည်းငယ်အတွင်း မွေးကင်းစကလေး ကိုးဦး ဆက်တိုက်သေဆုံးခဲ့ပြီးနောက် ရုရှားတာဝန်ရှိသူများက ဆေးရုံအုပ်နှင့် အထူးကြပ်မတ်ဆောင်တာဝန်ခံ ဆရာဝန်တို့ကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဆေးရုံ၌ မွေးကင်းစကလေးကိုးဦး ဆက်တိုက်သေဆုံးခဲ့မှုကြောင့် ရုရှားပြည်သူများ အမျက်ထွက် တုန်လှုပ်ခဲ့ကြရသည်။

ရုရှားတာဝန်ရှိသူများ၏ အဆိုအရ အဆိုပါဆေးရုံ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်နှင့် ယခုနှစ် ဇန်နဝါရီ ၁၂ ရက်အကြား မွေးဖွားခဲ့သည့် ကလေး ကိုးဦးလုံး သေဆုံးခဲ့ရကြောင်း ပြောကြားထားသည်။

လက်ရှိတွင် အဆိုပါဆေးရုံမှ ဆေးရုံအုပ်နှင့် အထူးကြပ်မတ်ဆောင်တာဝန်ခံ ဆရာဝန်တို့ကို တာဝန်ဝတ္တရား ပေါ့လျော့မှုဖြင့် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ရုရှားအစိုးရ စုံစမ်းစစ်ဆေးရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မွေးကင်းစ ကလေးများ ဆက်တိုက်သေဆုံးခဲ့ရသည့် ဆေးရုံမှာ ဆိုက်ဘေးရီးယားဒေသ နိုမိုကုဇနက်မြို့၌ တည်ရှိသည်။

ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဆေးရုံအုပ်နှင့် အထူးကြပ်မတ်ဆောင် တာဝန်ခံဆရာဝန်တို့သည် ၎င်းတို့ တာဝန်လုပ်ငန်းများကို ပေါ့ပေါ့ဆဆ ဆောင်ရွက်ခဲ့ကြဖွယ်ရှိသည်ဟု ရုရှားတာဝန်ရှိသူများက ကောက်ချက်ချထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ၌ ခရီးသည်တင်ရထားပေါ်သို့ ဝန်ချီစက်ပြိုကျ လူ ၃၂ ဦးသေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၄**

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း၌ မောင်းနှင်နေသော ခရီးသည်တင်ရထားတစ်စီးပေါ်သို့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဝန်ချီစက် ပြိုကျခဲ့ရာ ရထားတွဲများလမ်းချော်ခဲ့ရပြီး လူ ၃၂ ဦး သေဆုံး၍ ဦးရေ ၈၀ ခန့် ဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် ဗန်ကောက်မြို့နှင့် ၁၄၃ မိုင်အကွာ နက်ခွန်ရက်ချာဆီမာပြည်နယ် ဆစ်ခီအိုခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်း ဝန်ချီစက်ပြိုကျမှုကြောင့် ခရီးသည်တင်ရထား၏ ရထားတွဲနှစ်တွဲ ပျက်စီးခဲ့ပြီး အပျက်အစီးများကြားတွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေး သမားများက ဆက်လက် ရှာဖွေနေဆဲဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

ခရီးသည်တင် ရထားသည် ဗန်ကောက်မြို့မှ အူဘွန်ရက်ချာသနီပြည်နယ်သို့ မောင်းနှင်နေစဉ် ဝန်ချီစက်ပြိုကျမှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ခရီးသည်တင်ရထားပေါ်တွင် ခရီးသည် ၁၉၅ ဦးထိ လိုက်ပါလာကြောင်း ထိုင်းအစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီး ရက်ချာကစ်ပရာကန်းက ပြောကြားထားသည်။

ခရီးသည်တင် ရထားပေါ်သို့ ဝန်ချီစက်ပြိုကျမှု ဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းကို ထိုင်းတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အိမ်ဖြူတော်အထူးသံတမန် စတိဗ်ဝစ်ကော့ဖ် ရုရှားနိုင်ငံသို့သွားရောက်၍ သမ္မတပူတင်နှင့် တွေ့ဆုံဖွယ်ရှိ



**နယူးယောက် ဇန်နဝါရီ ၁၄**

အိမ်ဖြူတော် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် သမ္မတဒေါ်နယ်ထရမ့်၏ သမက် ဂျရက်ကုရှ်နာတို့သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် မော်စကိုမြို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း အမေရိကန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားသမ္မတ ပူတင်နှင့် အိမ်ဖြူတော်အကြံပေး စတိဗ်ဝစ်ကော့ဖ်တို့၏ဆွေးနွေးပွဲမှာ ယခုလအတွင်း မှာပင် ဖြစ်မြောက်နိုင်ကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ရုရှားနိုင်ငံသို့ စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့ သွားရောက်မည်ဆိုသော သတင်းနှင့်ပတ်သက်၍ အိမ်ဖြူတော်တာဝန်ရှိသူများက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် အမေရိကန် မီဒီယာများ၏အဆိုအရ မော်စကိုခရီးစဉ်အတွင်း စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့သည် အမေရိကန်အစိုးရက နောက်ဆုံးရေးဆွဲထားသည့် ငြိမ်းချမ်းရေးအဆိုပြုချက်မူကြမ်းများကို တင်ပြမည်ဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးကြိုးပမ်းမှုများတွင် အဓိကနေရာမှ ပါဝင်နေသူဖြစ်သည်။

စတိဗ်ဝစ်ကော့ဖ်သည် ၂၀၂၅ ခုနှစ်အတွင်း ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ၏ ၂၀၂၅ ကုန်သွယ်ရေးပိုငွေ ဒေါ်လာ တစ်ထရီလီယံကျော်ထိ ရှိလာ

**ပေကျင်း ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံ၏ နှစ်စဉ်ကုန်သွယ်ရေးပိုငွေပမာဏသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံထိရှိခဲ့ကြောင်း တရုတ်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ် ထုတ်ကုန်များအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အခွန်စည်းကြပ်မှုများ ပြုလုပ်ထားသည့်တိုင် တရုတ်နိုင်ငံ၏ ၂၀၂၅ ခုနှစ် ကုန်သွယ်ရေးပိုငွေပြမှု စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပို့ကုန်ပမာဏမှာ တန်ဖိုးအားဖြင့် ၂၀၂၄ ခုနှစ်ကထက် ၅ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၇ ထရီလီယံထိရှိခဲ့ကြောင်း တရုတ်အစိုးရကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် တရုတ်နိုင်ငံက အခြားကမ္ဘာ့နိုင်ငံများမှ ဝယ်ယူတင်သွင်းခဲ့သည့် သွင်းကုန်တန်ဖိုးမှာ၂ ဒသမ ၅၈ ထရီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံ၏ ၂၀၂၄ ခုနှစ် ကုန်သွယ်ရေးပိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၉၉၂ ဘီလီယံထိသာ ရှိခဲ့သည်။

တရုတ်နိုင်ငံအစိုးရ ကိန်းဂဏန်းများအရ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံက အမေရိကန်နိုင်ငံသို့ ကုန်စည်တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်း ပိုမိုနည်းပါးသွားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်၌ ၂၀၂၅ ခုနှစ်တွင် မွေးဖွားသူဦးရေထက် ကွယ်လွန်သူဦးရေ ပိုများလာ

**ပဲရစ် ဇန်နဝါရီ ၁၄**

ပြင်သစ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ကွယ်လွန်သူဦးရေသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် မွေးဖွားသူဦးရေကို ကျော်လွန်ခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြင်သစ်အစိုးရ အမျိုးသားစာရင်းအင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ထုတ်ပြန်ထားသော အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအရ ကွယ်လွန်သူဦးရေ ၆၅၁၀၀၀ နှင့် မွေးဖွားသူဦးရေ ၆၄၅၀၀၀ ထိရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ပြင်သစ်တစ်နိုင်ငံလုံး အတိုင်းအတာအရ ကွယ်လွန်သူဦးရေမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မွေးဖွားသူဦးရေကိုကျော်လွန်ခဲ့ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားထားသည်။

ပြင်သစ်နိုင်ငံသည် အစဉ်အလာအရ ဥရောပနိုင်ငံအများစုထက် လူဦးရေတိုးနှုန်း ပိုကောင်းသော နိုင်ငံဖြစ်သည်။

သို့ရာတွင် သက်ကြီးလူဦးရေ တိုးလာခြင်း၊ ကလေးမွေးဖွားနှုန်း ကျဆင်းလာမှုတို့သည် ပြင်သစ်နိုင်ငံအနေဖြင့် ဥရောပတစ်လွှားရင်ဆိုင်နေရသည့် လူဦးရေပြဿနာကို တောင့်ခံထားနိုင်စွမ်း မရှိကြောင်း ပြသလျက်ရှိသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြင်သစ်အမျိုးသမီးတစ်ဦးစီ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၁ ဒသမ ၅၆ ဦးနှုန်းသာရှိခဲ့ရာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အနိမ့်ဆုံးကလေးမွေးဖွားမှုနှုန်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယအာကာသအေဂျင်စီက စစ်ဘက်ဆိုင်ရာဂြိုဟ်တုတစ်စင်းနှင့် အခြားဂြိုဟ်တုများသယ်ဆောင်ထားသည့် PSLV ဒုံးပျံကို လွှတ်တင်ခဲ့



**နယူးဒေလီ ဇန်နဝါရီ ၁၄**

အိန္ဒိယအာကာသအေဂျင်စီသည် စစ်ဘက်ဆိုင်ရာဂြိုဟ်တုတစ်စင်းနှင့် အခြားဂြိုဟ်တုများ သယ်ဆောင်ထားသည့် PSLV ဒုံးပျံကို ဇန်နဝါရီ ၁၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

EOS-N 1 အမည်ရှိ စစ်ဘက်ဂြိုဟ်တုအပါအဝင် ဂြိုဟ်တု ၁၅ စင်း သယ်ဆောင်ထားသည့် အဆိုပါ ဒုံးပျံကို ဆာတစ်ရှ်ဒါဝန်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါမစ်ရှင်မှာ အောင်မြင်ခဲ့ဖွယ်မရှိဘဲ တတိယ အဆင့်ဒုံးအင်ဂျင်များ စနစ်ဖောက်ပြန်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

PSLV ဒုံးပျံ၏ တတိယအဆင့် ဒုံးအင်ဂျင်စနစ်များ လည်နေချိန်တွင် မူမမှန်မှုများရှိခဲ့ကြောင်း အိန္ဒိယ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါမစ်ရှင်သည် PSLV ဒုံးပျံများအတွက် ၂၀၂၅ ခုနှစ် မေလနောက်ပိုင်း ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မေလအတွင်း လွှတ်တင်ခဲ့သည့်မစ်ရှင်တွင်လည်း PSLV ဒုံးပျံ၏ တတိယအဆင့် ဒုံးအင်ဂျင်များ ပြဿနာကြောင့် မစ်ရှင် ပျက်ပြားခဲ့ရဖူးကြောင်း၊ ဇန်နဝါရီ ၁၃ ရက်မစ်ရှင် ပျက်ပြားခဲ့ပါက PSLV ဒုံးပျံများ၏ စတုတ္ထမြောက်မစ်ရှင်ပျက်ပြားမှု ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က လာမည့်နှစ်အနည်းငယ်အတွင်း မစ်ရှင်သက်တမ်း အဆုံးသတ်သွားနိုင်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် လာမည့်နှစ်အနည်းငယ်အတွင်း မစ်ရှင်သက်တမ်းအဆုံးသတ်သွားနိုင်ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

၁၉၉၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့သည့် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာနှင့်ပတ်သက်၍ လူသားတို့၏ သိနားလည်မှုများကို ပြောင်းလဲပေးခဲ့သော အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်သည်။



ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် လွှတ်တင်ပြီးခါစက ကမ္ဘာမြေပြင်အထက် မိုင် ၃၆၀ ခန့်အကွာ ပတ်လမ်းပေါ်တွင် နေရာယူခဲ့သော်လည်း နောက်ပိုင်းတွင် ပတ်လမ်းအမြင့်မှာ ၃၂၆ မိုင်ထိ ကျဆင်းခဲ့ပြီး ဆက်လက်၍လည်း ကျဆင်းနေဆဲဖြစ်သည်။

အမေရိကန်ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း နေမျက်နှာပြင်လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာမှုကြောင့် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့် ကျဆင်းနှုန်း ပိုမြန်လာကြောင်း၊ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်မှာ ၂၄၈ မိုင်ထိ ကျဆင်းလာချိန်တွင် တစ်နှစ်မပြည့်မီ ကမ္ဘာ့လေထုလွှာထဲ ပြန်လည် ဝင်ရောက်လာနိုင်ကြောင်း ကျွမ်းကျင်သူများ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## ကျောက်ခေတ်လူသားများအသုံးပြုခဲ့သည့် သလင်းကျောက်မြားဖူးများပေါ်တွင် အပင်မှထွက်ရှိသည့် အဆိပ်တစ်မျိုး၏သဲလွန်စများကို တွေ့ရှိထား

**ပရီတိုးရီးယား ဇန်နဝါရီ ၁၄**

ကျောက်ခေတ် လူသားများ အသုံးပြုခဲ့သည့် သက်တမ်းနှစ် ၆၀၀၀၀ ရှိ သလင်းကျောက်မြားဖူးများပေါ်တွင် အပင်မှထွက်ရှိသည့် အဆိပ်တစ်မျိုး၏ သဲလွန်စများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၃ ရက်သတင်းများအရ သိရသည်။

သလင်းကျောက်မြားဖူးများပေါ်၌ တွေ့ရှိထားရသည့် အဆိပ်မှာ Boophone Disticha ခေါ် အပင်တစ်မျိုးမှရရှိသည့် အဆိပ်ဖြစ်ကြောင်း တောင်အာဖရိက နိုင်ငံ ဂျိုဟန်နက်စဘတ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သလင်းကျောက်မြားဖူးပေါ်မှ Boophone Disticha အဆိပ် သဲလွန်စများအရ လူသားများ အနေဖြင့် ကျောက်ခေတ်လူသား ဘဝရှိစဉ် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀၀ လောက်ကပင် အမဲလိုက်ရေးအတွက် အဆိပ်ကို စတင်သုံးစွဲနိုင်ခဲ့သည်ကို အတည်ပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Boophone Disticha အဆိပ်များရှိနေသည့် သလင်းကျောက်မြားဖူးများကို ကွာဇူးလူးနာတယ် ပြည်နယ် ဟမ်လာတူဇာနာ ကျောက်လှိုနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါသလင်းကျောက်မြားဖူးများသည် လူသားများ မြားဆိပ်ကို သုံးစွဲတတ်မှုနှင့်ပတ်သက်၍ ရေးအကျဆုံး အထောက်အထားလည်းဖြစ်ကြောင်း၊ Boophone Distichaအဆိပ်ကို ယနေ့ထိလည်း ကွာဇူးလူးနာတယ် ပြည်နယ်မှ ဒေသခံ တောလိုက်မုဆိုးများက သုံးစွဲနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အယ်ဇိုင်းမားရောဂါဖြစ်စဉ် ၉၀ ရာခိုင်နှုန်းကျော်က APOE မျိုးဗီဇတစ်မျိုးနှင့် ဆက်စပ်နေ

**လန်ဒန် ဇန်နဝါရီ ၁၄**

အယ်ဇိုင်းမားရောဂါ ဖြစ်စဉ် ၉၀ ရာခိုင်နှုန်းကျော်သည် APOE မျိုးဗီဇတစ်မျိုးနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါ ၉၀ ရာခိုင်နှုန်းကျော်မှာ APOE မျိုးဗီဇတစ်မျိုးနှင့် ဆက်စပ်နေကြောင်း သိရသည်။

APOE မျိုးဗီဇမှာ အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေကြောင်း ရှေးယခင်ကပင် နားလည်ခဲ့ကြသော်လည်း အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုအပေါ် ၎င်းမျိုးဗီဇ၏သက်ရောက်မှုကို မိမိတို့လျှော့တွက်ခဲ့ကြကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်ကြောင့် အယ်ဇိုင်းမားရောဂါကုသရေးအတွက် ကုထုံးသစ်များပေါ်ထွက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

APOE မျိုးဗီဇ၏ ဆိုးကျိုးသက်ရောက်မှုကို လေးပုံသုံးပုံမျှလျှော့ချနိုင်ပါက အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ဖွယ်မရှိကြောင်း၊ ဗြိတိန် သုတေသန ပညာရှင်များသည် လူဦးရေ ၄၅၀၀၀၀ ကျော် ပါဝင်သည့် လေ့လာချက်များမှ ရရှိသည့် အချက်အလက်များကို ဆန်းစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကော်ဖီတစ်ခွက် နေ့စဉ်သောက်မှုက သွေးအတွင်း သကြားဓာတ်ပါဝင်မှုထိန်းချုပ်ရာတွင် အသုံးများသည့် ဆီးချိုဆေးတစ်မျိုးထက်ပင် ထိရောက်မှုပိုရှိနိုင်

**နယူးယောက် ဇန်နဝါရီ ၁၄**

ကော်ဖီတစ်ခွက် နေ့စဉ်သောက်သုံးမှုသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းချုပ်ရာတွင် အသုံးများသည့် ဆီးချိုဆေးတစ်မျိုးထက်ပင် ထိရောက်မှုပိုရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အာရေဗီးကားကော်ဖီနှင့် အသုံးများသည့်ဆီးချိုဆေးတစ်မျိုးဖြစ်သည့် Acarbose ခေါ် ဆေးတစ်မျိုးတို့တွင် ပါဝင်သော ဓာတုဒြပ်ပေါင်းများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကော်ဖီသည် Acarbose ဆေးများ ပစ်မှတ်ထားသည့် အစာခြေလမ်းကြောင်းစနစ်အင်ဇိုင်းမျိုးကိုပင် ထိရောက်စွာပိတ်ပင်ထားနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကော်ဖီတွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်း သုံးမျိုးသည် Alpha-glucosidase ခေါ် အစာခြေလမ်းကြောင်းစနစ် အင်ဇိုင်းတစ်မျိုးကို ထိရောက်စွာပိတ်ပင်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကော်ဖီကို နေ့စဉ်သောက်သုံးမှုသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ကို ထိန်းချုပ်ရေးအတွက် ဆေးထိုး၊ ဆေးသောက်လုပ်နေရသည့် လူနာများအတွက် အကျိုးရှိနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းက အယ်လ်ဟီလယ်အသင်းမှ ကန်ဆယ်လိုကို အငှားစာချုပ်ဖြင့် ခေါ်ယူ

**ဘာစီလိုနာ ဇန်နဝါရီ ၁၄**

ဘာစီလိုနာ အသင်းသည် ပေါ်တူဂီ လက်ရွေးစင်အသင်းနှင့် ဆော်ဒီပရီလီဂ်ကလပ် အယ်လ်ဟီလယ်အသင်းမှ တောင်ပံခံစစ်ကစားသမား ကန်ဆယ်လိုကို ယခုနှစ် ဘောလုံးရာသီကုန်ထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ဘာစီလိုနာအသင်း အနေဖြင့် ကန်ဆယ်လိုကို ယခုနှစ် ဘောလုံးရာသီကုန်ထိ အငှားချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်းငင်းအတွက် ငှားရမ်းခပေးချေခဲ့ခြင်းမရှိခဲ့ဘဲ စာချုပ်ပါ အချက်အလက်များအရ လစာပမာဏ ယူရိုလေးသန်းသာ ပေးချေရမည်ဖြစ်သည်။

ဘာစီလိုနာအသင်း နည်းပြ ဖလစ်သည် ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဗဟို နောက်ခံ ကစားသမားတစ်ဦးကို ခေါ်ယူရန် ဆန္ဒရှိသော်လည်း ယခုအခါ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ဖူးသည့် တောင်ပံခံစစ်ကစားသမား ကန်ဆယ်လိုကိုသာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ကန်ဆယ်လိုသည် ဆော်ဒီပရီလီဂ်ကလပ် အယ်ဟီလယ်အသင်းတွင် နည်းပြ အင်ဇာဂီလက်အောက်၌ ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်နေရသည့်အပြင် အယ်လ်ဟီလယ်အသင်း အနေဖြင့်လည်း နိုင်ငံခြားသား ကစားသမားများ လျှော့ချရန် စီစဉ်နေမှုတို့ကြောင့် ဘာစီလိုနာအသင်းသို့ ဒုတိယအကြိမ် အငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက မန်ယူအသင်းမှ အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်မှူးရက်ဖို့ဒ်ကို လျှော့ဈေးဖြင့် အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ဆေးလ်ဗားကို ကိုမိုအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ဆာလီဘာနှင့် ထရိုဆာ့ဒ်တို့ ဒဏ်ရာကြောင့် ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြအာတီတာက ပြောကြားခဲ့ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ကွင်းလယ်ကစားသမား ဂွီမာရေးကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် သက်တမ်းတိုးစာချုပ်သစ် ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရောဝတီအသင်းက မြဝတီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရောဝတီအသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ရာ ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရောဝတီအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲအစတစ်မိနစ်တွင် စန်းသော်သော်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင်လည်း ပင်နယ်တီမှတစ်ဆင့် စန်းသော်သော်က ရောဝတီအသင်းအတွက် ဒုတိယဂိုး ထပ်မံ သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရောဝတီအသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် စန်းသော်သော်က ရောဝတီအသင်းအတွက် တတိယဂိုး ထပ်မံသွင်းယူခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး သုံးဂိုးသွင်းယူခဲ့သည့် တိုက်စစ်ကစားသမား စန်းသော်သော်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# လီဗာပူးအသင်းနည်းပြအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အလွန်ဆိုကို ခန့်အပ်ဖွယ်ရှိကြောင်း သတင်းထွက်ပေါ်

**လန်ဒန် ဇန်နဝါရီ ၁၄**

လီဗာပူးအသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် ပြင်ဆင်ထားပြီး နည်းပြသစ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်းအလွန်ဆိုကို ခန့်အပ်ဖွယ်ရှိကြောင်း သတင်းများထွက်များထွက်ပေါ်နေသည်ဟု Fotmob သတင်းဝက်ဘ်ဆိုက် ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြအလွန်ဆိုသည် ယခုနှစ် ဘောလုံးရာသီမှသာ ရီးရဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့် စပိန်စူပါဖလားဗိုလ်လုပွဲစဉ်အပြီးတွင် အသင်းနည်းပြရာထူးမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနည်းပြ စလော့သည် ပြီးခဲ့သည့် ဘောလုံးရာသီကအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့ကာ ပရီးမီးယားလိဂ် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ မတည်မငြိမ် ဖြစ်နေသည့်အတွက် လီဗာပူးအသင်းက ရာသီအကုန်တွင် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန်ပြင်ဆင်နေပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ နည်းပြအလွန်ဆိုထွက်ခွာခဲ့ပြီးနောက် ၎င်းကို အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ဖွယ်ရှိနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ၂၀၂၄ ခုနှစ်ကတည်းက အသင်းနည်းပြအဖြစ် အလွန်ဆိုကို ခန့်အပ်ရန် ကြိုးပမ်းခဲ့ဖူးပြီး ၎င်းကိုယ်တိုင်က လေဗာကူဆင်အသင်းကို ဆက်လက် တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ငြင်းဆန်ခဲ့သောကြောင့် လက်ရှိ နည်းပြစလော့ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုကို လီဗာပူးအသင်းအပြင် မန်ယူအသင်း၊ စပါးအသင်းတို့ကလည်းနည်းပြသစ်အဖြစ်ခန့်အပ်ရန် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Hobart International တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိုဆိုရီယိုကို ရာဒူကာနူက အနိုင်ရ

**ဟိုဘတ် ဇန်နဝါရီ ၁၄**

ဩစတြေးလျနိုင်ငံ ဟိုဘတ်မြို့တွင် ကျင်းပနေသည့် Hobart International တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် ရာဒူကာနူနှင့် ကိုလံဘီယာတင်းနစ်မယ် အိုဆိုရီယိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဒူကာနူက (၆-၃၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ရာဒူကာနူအတွက် ၂၀၂၆ ခုနှစ် တင်းနစ်ရာသီတွင် ပထမဆုံးအကြိမ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် တင်းနစ်ရာသီတွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဒဏ်ရာပြဿနာများဖြင့် မကြာခဏ ရင်ဆိုင်နေရသူ ဖြစ်သည်။

ရာဒူကာနူအနေဖြင့် အိုဆိုရီယိုကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရာဒူကာနူက “ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ရလဒ်ကောင်း ရဖို့အတွက် ကျွန်မစွမ်းဆောင်နိုင်သလောက် အကောင်းဆုံး ကြိုးစားစွမ်းဆောင်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ရှိသမျှခွန်အားတွေ အသုံးပြုပြီးတော့ ကစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲတွေမှာတော့ ကျွန်မအနေနဲ့ စွမ်းဆောင်ရည်တွေက အောက်ဆုံးအဆင့်ကို ရောက်ရှိနေခဲ့တယ်။ အခုတော့ ဒီအခြေအနေတွေကိုကျော်လွှားနိုင်ပြီလို့ ယုံကြည်ပါတယ်။ ဒီနိုင်ပွဲဟာ ကျွန်မအတွက် အရမ်းကို အဓိပ္ပာယ်ရှိပါတယ်။ ဒီနိုင်ပွဲကနေစတင်ပြီးတော့ နောက်ထပ် နိုင်ပွဲတွေဆက်ပြီး ရရှိအောင် အကောင်းဆုံး ကစားနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ အိမ်တိုင်ရာရောက် ချီးမြှင့်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များကို အခမ်းအနားဖြင့်ချီးမြှင့်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း အခမ်းအနားသို့ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသော ဘွဲ့ခံပုဂ္ဂိုလ်များကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်များနှင့် မိသားစုဝင်များ၏ နေအိမ်များသို့ သွားရောက်ချီးမြှင့်အပ်နှင်းကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သိပ္ပကျော်စွာဘွဲ့များရရှိသည့် ကျန်းမာရေးဝန်ကြီးဌာန ကလေးကျန်းမာပညာဌာန ပါမောက္ခ ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာသိန်းသိန်းမြင့်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဗဟိုလုပ်အမှုဆောင်ကော်မတီဝင် ဦးစန်းကြူ တို့ကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့များရရှိသည့် ရုပ်ရှင်သရုပ်ဆောင် ဦးကြည်စိုးနှင့် ရုပ်ရှင်သရုပ်ဆောင် ဒေါ်ခင်သန်းနုတို့ကို လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို အိမ်တိုင်ရာရောက် သွားရောက်ပြီး ကာယကံရှင်များထံ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သိပ္ပကျော်စွာဘွဲ့များရရှိသည့် မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်း၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ကိုယ်စား ညီမဖြစ်သူတို့ထံ ဂုဏ်ထူးဆောင်ဘွဲ့များကို အိမ်တိုင်ရာရောက် သွားရောက်ပြီး ကာယကံရှင်များနှင့် မိသားစုဝင်များထံ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ထူးဆောင်ဘွဲ့များကို အိမ်တိုင်ရာရောက် ကာယကံရှင်ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များထံ ချီးမြှင့်ပေးအပ်ရာ ဘွဲ့ရရှိသူများနှင့် ကိုယ်စား လက်ခံရရှိသော မိသားစုဝင်များက ယခုကဲ့သို့ အိမ်တိုင်ရာရောက် လာရောက်ချီးမြှင့်ပေးအပ်သည့်အတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

လူငယ်ငြိမ်းချမ်းရေးဖိုရမ်၂၀၂၆ ဒုတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသည်။





အဆိုပါ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် လူငယ်ပညာရှင်များက ဆွေးနွေးပွဲ တက်ရောက်လာသူများကို ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆိုင်ရာအကြံဉာဏ်များ ဖော်ထုတ်ခြင်း၊ ပဋိပက္ခများ လျှော့ချရပ်တန့်နိုင်စေရေးအတွက် လူငယ်များပါဝင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးဖော်ထုတ်ခြင်း၊ လူငယ်နှင့် ခေတ်မီတိုးတက်သော နိုင်ငံရေးအမြင်၊ မျိုးချစ်စိတ်ကိုအခြေခံသော ပြည်ထောင်စုစိတ်ဓာတ်၊ ယနေ့ခေတ် လူငယ်များ၏ စိတ်ပါဝင်စားမှုနှင့်ကိုက်ညီသော လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု၊ အားကစားဆိုင်ရာ ဦးစားပေးအစီအစဉ်များကို ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ချိတ်ဆက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ငြိမ်းချမ်းရေးနိုင်ငံတည်ဆောက်ရေး၊ ဒေသအလိုက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ လူငယ်စွန့်ဦးတီထွင်မှုနှင့် နည်းပညာအခွင့်အလမ်းများ၊ လူငယ်စီးပွားရေးလုပ်ငန်းများစတင်ရန် ပံ့ပိုးရမည့်ကိစ္စများ၊ လူငယ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်း၊ သတင်းအချက်အလက်နည်းပညာ သက်ရောက်မှုများ(IT)၊ ဉာဏ်ရည်တုနည်းပညာ(AI) မှန်ကန်အကျိုးရှိရှိ အသုံးပြုနိုင်ရေးနှင့်ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် လူမှုသဟဇာတဖြစ်ရေးအသုံးပြုမှု၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media)နှင့် ကွန်ရက်အဖွဲ့များစသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြသည်။



ထိုသို့ လူငယ်များ အဖွဲ့လိုက် သတ်မှတ်ခေါင်းစဉ်များဖြင့် စုဖွဲ့ဆွေးနွေးနေမှုကို အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များသည် အဖွဲ့လေးဖွဲ့ခွဲ၍ လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေး၊ နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ပါဝင်မှုနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ခြင်း၊ လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် အားကစား၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ စွန့်ဦးတီထွင်မှုနှင့် နည်းပညာအခြေပြုစီးပွားရေး၊ လူငယ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သတင်းအချက်အလက်နည်းပညာ သက်ရောက်မှုများ(IT)၊ ဉာဏ်ရည်တုနည်းပညာ(AI)စနစ် ထူထောင်ရေး၊ ဆိုက်ဘာ(Cyber)၊ Online Security၊ လူမှုကွန်ရက်(Social Media)နှင့် ကွန်ရက်အဖွဲ့များ၊ ထိရောက်သော သတင်းမှန်ပြန်ကြားရေးခေါင်းစဉ်များဖြင့် ဆွေးနွေးအဖြေရှာကြသည်။

မွန်းလွဲပိုင်းတွင် အဖွဲ့လိုက်ဆွေးနွေးဖော်ထုတ်ချက်များကို စုစည်းတင်ပြကြရာ ယင်းဖော်ထုတ်ချက်များအပေါ် ပညာရှင်များက ပြန်လည်အကြံပြုဆွေးနွေးကြပြီး လျှပ်တစ်ပြက်ပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသော ပန်းချီရေးဆွဲပုံဖော်ခြင်းများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဉာဏ်စမ်းပြိုင်ပွဲတို့ကိုပြုလုပ်ကာ ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ အုပ်စုအလိုက် ကွန်ရက်ဖွဲ့ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်များ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးအတွက် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရေး၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ရွေးကောက်ပွဲအလွန်ကာလတွင် လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကိုဖော်ထုတ်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရေးတို့ကို လူငယ်များ၏အကြံပြုချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဇန်နဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Coordination meeting on promotion of education and health sectors was held; Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing delivers address at the coordination meeting on promotion of education and health sectors.

**Nay Pyi Taw January 14**

A coordination meeting on promotion of education and health sectors was held at the meeting hall of Office of the Chairman of National Defence and Security Council this afternoon, addressed by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present were SSPC member Prime Minister U Nyo Saw, Union Minister for Finance and Revenue Dr Kan Zaw, Union Minister for Industry U Charlie Than, Union Minister for Education Dr Chaw Chaw Sein, Union Minister for Science and Technology Dr Myo Thein Kyaw, Union Minister for Social Welfare, Relief and Resettlement Dr Soe Win and deputy ministers.

**Nation needs a large number of teachers for the basic education sector**

In his address, the Senior General said the State Government is making continuous efforts for education promotion. In doing so talks were held with the relevant ministries for further enhancement of the professional skills of the teachers of the basic education schools. Discussions revealed the requirement of a large number of teachers for the basic education sector and the need to upgrade teachers training schools and the education degree colleges into universities where postgraduate courses for teachers are conducted. The Senior General said he had sought means for the said upgrading process during the visits to education colleges in regions and states. He said junior assistance teachers who meet the set qualification should be promoted to senior assistance teachers, inviting opinions on using the term “teachers training university” is appropriate or not.

Although all children from preprimary schools reach primary school, not all the primary school students come from preprimary schools. The education system of children in KG+2 and KG+3 is not the same with the one for children in KG and KG+1. Hence, a teaching system that is suitable for the age of children who completed KG and KG+1 should be adopted. The teaching and learning process for the children of KG and KG+1 will be improved through appropriate courses for primary assistance teachers conducted by the Education Ministry and the SWRR Ministry.

**Basic education schools must have all the required features to meet the set standards**

Regarding basic education schools, some meet the set standard, and some do not. A primary school should be in a 3.5-acre compound, a middle school, in a 5.7-acre compound, and a high school, in a 7.10-acre compound. Some schools are facing difficulties in extending classroom buildings as they do not meet the set standard. Basic education schools that have the required features according to the teaching system and student population should be upgraded as per the set norms.

Parents of the students attending basic education schools are the ones who cannot afford to send their children to the private schools. So, they are relying on basic education school run by the government. Families of civil servants and most of the families with normal income send their children to government schools. So, the government schools must be upgraded without fail. Serious attention must be paid to upgrading schools to meet the set standard and teachers to be professionally skillful.

**Basic mechanical, agricultural and livestock schools are for increasing the human resources**

As agriculture and livestock are the main driving force of the national economy, the country needs human resources skilled in agricultural, livestock and mechanical sciences. The current has opened basic mechanical, agricultural and livestock schools, and they are achieving progress to a certain degree. Programs are underway to teach basic knowledge on mechanical, agricultural and livestock branches, in addition to disseminating vocational education in high schools. These programs will generate a large array of human resources for the country.

As regard the appointment of teachers, trainees who have completed their courses at education degree colleges should be provided with incentives. The State is providing benefits for teachers according to their education qualifications. Likewise, staff should enjoy benefits as per their educational degrees. Plans should be made to promote teachers to their deserved levels.

**Promotion of health sector**

Health staff includes medical specialists, physicians, nurses, specialist nurses. As for promoting the health sector, nurses training schools in regions and states must be upgrades. At the hospitals, nurses are assigned rank wise, and the degree of assignments depends on the number of beds at a hospital. So, duties must be categorized into grades and the increase in benefits should be grade wise. This process will be much supportive of the health promotion.

Regarding the teacher’s training university, appropriate terms, if any, should be put forward at the meeting. As for choosing a location for a teacher’s training university, the Senior General looked around the education degree colleges during the tour of regions and states. Suggestions are invited to name the towns where a degree college suitable to be upgraded into a teaher’s training university.

**Discussion and presentations of the attendees**

The attendees, the prime minister, union ministers and deputy ministers, discussed the success in opening basic mechanical, agricultural and livestock schools and the arrangements for opening vocational education schools in regions and states for students who have not completed the matriculation level, school education activities of the current academic year, grade-wise promoting system for teachers, development of the education sector by opening teacher’s training universities, improvement of the curriculum of mechanical, agricultural and livestock through the collective efforts of the relevant ministries, conducting of childcare courses at training schools of Ministry of SWRR as in the training schools under the Education Ministry, ensuring greater support for the education promotion sector of the State by upgrading education colleges into teacher’s training universities, allotment of budgets in accord with the rules to upgrade basic education schools as per the finical year, production of nurses by nurses training schools and midwifery schools to promotion the health sector.

In response, the Senior General said basic education schools must appoint physical trainers. Interior and exterior features of basic schold should be improved. Officials should ensure that food stalls at schools needs hygienic standard and are selling only the nutritious food through proper supervision.

Necessary assistance must be provided for the universities to meet the requirement level. Education promotion activities must reach the ethnic youths living in faraway places. Efforts to development the nation’s educated human resources will be much supportive of the national progress. The Senior General also looked into the requirements of other issues. 100

# A message sent by Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 74th Anniversary of Kayah State Day (15 January 2025)

**Esteemed people and national brethren in Kayah State,**

The day on 15 January 2026 is a significant day of all ethnic people residing in Kayah. On the significant occcasion, I extended greetings with my best wishes for Kayah ethnics and all union-born national brethren to enjoy physical and mental well-being.

Starting from 15 January 1952, Kayinni State which was one of the states in the 1947 Constitution of Myanmar was renamed Kayah State through the santiment of the entire people under the 1951 constitutional amentment act. From then on, the significant day was designated as the Kayah State Day.

The Kayah State located on more than 4,530 square miles of area is the smallest area with the least population among other regions and states in Myanmar but it is blessed with natural beauties, underground and aboveground natural resources and strengthening of traditional culture and customs similar to other regions and states. Moreover, local ethnic people have good characteristics of friendship, hospitality, transparancy, sincerity and peace of mind. Nine tribes of Kayah ethnics are residing in Kayah State together with other ethnic people in unity and harmony through thick and thin. That is why Kayah State is standing tall with fine traditions, history and development due to united spirit of resident ethnic people who wish to serve the interes of the state.

All ethnic people residing in Myanmar has been maintaining unity with own literature and culture through kinship for hundreds of years. However, the country fell under colonial rule for more than 100 years, and the systematic divide-and-rule administration of the solonislists sparked the diverse ideologies among different organizations, sections and parties with weak unity in the post-independence era. As such, they attempted to resolve the political issues through armed struggle and violent activities. As such, ethnic armed groups emerged in states although the country has regained independence. So, everyone has know that all ethnic people have overcome different plights without peace and stability for a long time.

Since gaining independence, successive governments have regarded internal peace and stability as the most essential requirements and have continuously endeavoured to implement peace efforts by extending invitations and engaging in talks with ethnic armed organizations. For the sake of restoring durable peace, they sought to pursue the correct political approach of dialogue and negotiation rather than misguided armed demands. During the periods after 1988 when Tatmadaw assumed national responsibilities, the Government placed emphasis on meeting and holding discussions with ethnic groups, as well as on implementing temporary ceasefires and disarmament, through which it was clearly evident that the State was able to maintain stability and tranquillity and to carry out development activities. In line with such positive traditions, during the tenure of the first government following the transition to a democratic system, the Nationwide Ceasefire Agreement (NCA) was signed with some ethnic armed organizations, thereby initiating strong momentum for advancing the peace process.

**Esteemed people and national brethren,**

Myanmar experienced some progress in the early period of its efforts to move forward with momentum along the path of a multiparty democratic system; however, in the later period, it encountered a setback before reaching its intended goal. As is widely known, during the 2020 general election, the holding of free and fair elections—the lifeblood of a democratic system—was disregarded, and irregularities were committed to secure the single party rule. As a result, in accordance with the Constitution of the State, Tatmadaw had to assume responsibility for the country's situation. Taking advantage of this situation, opposition groups resorted to armed terrorist methods in an attempt to create instability, unrest, and violence within the country, thereby undermining nationwide peace and stability. Some ethnic armed organizations also incited and exploited misguided and poorly informed young terrorists, committing armed clashes and expansion of their control areas. As the saying goes, "the more chaos there is, the more it suits the interests of those who seek it," and in this context, the various machinations of certain major foreign powers with improper intentions, together with domestic traitors who dance to their tune, have further fanned the flames. The fact that instability continues to persist up to the present time is therefore a matter that warrants serious attention.

In Kayah State as well, armed terrorist and destructive activities emerged, leading to the breakdown of peace and stability and causing the people to suffer various hardships. As is well known, while enduring these difficulties with resilience, efforts to restore regional peace, stability, and reconstruction have been carried out through the many sacrifices of Tatmadaw members, the Myanmar Police Force and other security personnel, as well as by local residents. Various sectors, including education and health, are being systematically rehabilitated, and prompt measures are also being taken to improve the daily lives of local people. As a result, Kayah State has already returned, within a short period of time, to a path of renewed peace, stability, and development. Going forward, the State will continue to make concerted efforts to ensure further progress and success.

Activities carried out by local ethnic armed organizations themselves that undermine peace and stability in their own region and slow or obstruct development are both disgraceful and reprehensible, and will leave a lasting stain on history. While it is necessary to repair the physical damage caused by armed violence, it is equally necessary to heal the psychological wounds suffered by the people. Therefore, for every aspect of the revival and development of Kayah State, I earnestly urge the State and all local ethnic communities to make collective efforts and work hand in hand with a strong sense of responsibility.

Currently, the Government is placing strong emphasis, in line with its set objectives, on achieving a genuine and disciplined multiparty democratic system that the people desire and aspire to. In this regard, the free and fair multiparty democratic general election which is a fundamental and central to the democratic system is being conducted, and at present Phases I and II have already been successfully conducted. Phase III will be implemented in the near future. With the interests of the people as its foremost consideration, the Government is pursuing two national objectives: national prosperity and food security. At the same time, in accordance with the wishes of the ethnic peoples, it has firmly set and is implementing two political objectives—strengthening a genuine and disciplined multiparty democratic system, and building a Union based on democracy and a federal system. As the fundamental aspiration of all ethnic peoples is national unity and peace and stability of the country, I would like to call upon all citizens to cooperate and work together toward these shared goals.

**Esteemed national brethren,**

The principal driving force for restoring the State as one that is more peaceful, stable, and more developed than before lies in the spirit, unity, and industrious efforts of the ethnic peoples living within the State. While steadfastly withstanding deliberate attempts driven by destructive intentions to push the nation toward ruin, if the people build with unbreakable unity—one that does not collapse no matter how much it is attacked or divided—and with tireless determination to move forward, they will be able to overcome any difficulty. Only through the best possible efforts in construction and development at the present time will it be possible to deliver progress and a better socioeconomic life to future generations in the years to come.

As such, I call upon all ethnic peoples to uphold wisdom and vigilance, and to work together with patience, tolerance, and unity, dedicating their full efforts toward achieving nationwide peace and stability in the future. As sending this message with sincere wishes and exhortations, I also earnestly urge all ethnic communities in Kayah State to share a common purpose and outlook, and to cooperate from all aspects—starting with the peace and tranquillity of the state and extending to the interests of the nation as a whole.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, the State Security and Peace Commission**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The government of the Republic of the Union of Myanmar holds press conference on seizures of largest volume of narcotic drugs and largest number of materials used in refining drugs, and confiscation of equipment used in online scam and gambling

## Field inspections and briefings conducted at locations where illicit drug manufacturing sites had been uncovered and seized


The press conference in progress on seizures of largest volume of narcotic drugs and largest number of materials used in refining drugs, and confiscation of equipment used in online scam and gambling.

**Nay Pyi Taw January 14**

The information was released on 11 January stating that a combined team including security personnel had conducted security operations and exposed to seize the locations believed to be major production sites for heroin, methamphetamine, narcotic drugs, and psychotropic substances that threaten the survival of all humanity, as well as sites involved in telecomfraud and online gambling activities and the equipment used for such operations.

A press conference was held by the government of the Republic of the Union of Myanmar at the lounge of Anisakhan Airport in PyinOoLwin of Mandalay Region this morning. Commission member Union Minister for Home Affairs Lt-Gen Tun Tun Naung and Leader of the Information Team of the National Defence and Security Council Deputy Minister for Information Maj-Gen Zaw Min Tun explained the seizures of the largest volume of narcotic drugs and the accessories used in drug refining and equipment used in telecom fraud and online gambling.

The press conference was attended by Ambassadors from Nepal, Laos, Pakistan, Brunei and Bangladesh, diplomats, Military Attachés,officials from China National Narcotics Control Commission (NNCC), Narcotics Control Board of Thailand (ONCB) and United Nations Office on Drugs and Crime (UNODC), reporters from local news agencies, daily newspapers, local TV news agencies, and local-based foreign news agencies.

First, Commission member Union Minister for Home Affairs Lt-Gen Tun Tun Naung explained prioritizing the drug eradication as a national duty by Myanmar, the drug problems not only without affecting Myanmar alone and Myanmar people but also bearing disadvantages to people from all countries, regrettable experiences on activities of some organizations and countries on solving the problems of drugs concerning the entire mankind through racism, regionalism, and political doctrine, and the efforts of Myanmar to steadfastly carry out drug eradication in accord with the vows to the international community.

He continued clarifications on Myanmar's efforts to eradicate drugs from 2021 to 2025, destroying of poppy plantations, incineration of seized drugs and chemicals, conducting special operations on anti-drug measures, seizures of small camps to produce narcotic drugs from 2021 to 2025 and the largest seizures of drug-refining camps at present, scrutiny showing that the largest production of drugs at the recently seized areas due to observation over nabbed chemicals and materials used in drug refining activities.

In addition, he added that continuous efforts of Myanmar in drug eradication in cooperation with international community in line with the vows, effective prevention of drug production due to destroying the main place of the largest drug production, and plans of Myanmar to continue its combatting the narcotic drugs with its strength and resources.

Leader of the Information Team of the National Defence and Security Council Deputy Minister for Information Maj-Gen Zaw Min Tun said that the Myanmar government's efforts to serve the national duty in eradicating the narcotic drugs which can harm the humanity, activities of EAO insurgents and terrorists undermining stability of the State, and taking advantage over it to drug production and trafficking to earn incomes for their interest, drug production and trafficking leading to money laundering, arm smuggling and terrorism, threatening peace and stability of the State as a challenge, situation of Myanmar not to produce chemicals and related accessories to be used in drug production, trafficking these materials by insurgent groups to Myanmar from other countries through various ways and means, and their activities to take advantages over outbreak of COVID-19 pandemic, instability of politics of the State, deterioration of peace and stability of the region with lack of rule of law by accelerating drug production and trafficking.

Furthermore, he explained Myanmar government's efforts in actively carrying drug eradication, telecom fraud and online gambling as a national duty in cooperation with neighbouring countries including China, background history measures about the areas southwest of Mongyai where the largest volume of drugs and related accessories as well as materials used in online scam and gambling activities between Mongyai and Hsipaw in Shan State (North), clashes between Tatmadaw and SSPP/SSA (Wamhing) group which entered Haipa and Pachi junction, south of the drug-seized area in 2013, operations of Tatmadaw to the Wamhing headquarters but stopping the operations due to plans for SSPP/SSA to sign the NCA in 2015, efforts of Tatmadaw to conduct the operation due to information about the narcotic drugs there and earning the SSPP/SSAP (Wamhing) group.

In those regions, Tatmadaw previously had dominance and they were 'White Areas'. Tatmadaw controlled the areas along the road connecting Hsipaw and Mongyai, including Sein Kyawt, Saung Kye, Ho Ya, and Nam Lan to the south. However, after the so-called '1027' military operation emerged in 2023, the military had to temporarily withdraw from these areas, including Lashio. Following the ceasefire agreements, while Tatmadaw remained in a stationary position (neither advancing nor retreating), drug producers and unscrupulous greedy individuals collaborated with local Ethnic Armed Organizations. They established drug production sites, manufactured narcotics, and engaged in online scams. They are essentially taking advantage of the chaos.

Throughout 2025, as Tatmadaw became more established in the territory, law enforcement activities were increased step-by-step in cooperation with the Myanmar Police Force. As a result of these efforts, foreign nationals involved in online fraud and gambling, along with related equipment, were seized in the Mong Ha area of Mongyai Township (Northern Shan State) in February 2025; near Mong Nawng in Kyethi Township (Southern Shan State) in November; and near Taung Hteik village in Kyaukme Township (Northern Shan State) in December.

In January 2026, online fraud operations were located between Hsipaw and Mongyai in Northern Shan State. Local residents, who were dissatisfied with the insurgents' unjust torture, forced recruitment, extortion of valuable property, and senseless destruction of infrastructure like buildings and bridges,

*See Page 13*



**Officials, diplomats, and domestic and foreign media representatives observe seized items.**

*From Page 12*

had been unable to report this to Tatmadaw columns due to unfavorable conditions. However, as Tatmadaw successfully recaptured areas previously dominated by terrorists, the public's trust and support grew, leading them to provide real-time intelligence. Using aerial reconnaissance and ground intelligence, it was discovered that these sites were linked to both online scams and narcotics. Consequently, the State Government and Tatmadaw decided to launch a decisive 'Special Lightning Operation.' The mission involved three Tatmadaw battalions and three Myanmar Police Force commando companies. This operation stands as the largest-scale seizure and destruction of narcotics in history. The government and Tatmadaw honored the security forces for their bravery, and the Acting President directed that cash rewards be personally delivered to the personnel in the operational area.

In the efforts to expose and seize drugs, manufacturing equipment, and online gambling materials in Hsipaw and Mongyai Townships, Northern Shan State, several sites were uncovered: an online gambling site 9 km northwest of Nalin Village; a drug manufacturing site 800 meters east of that location; a first drug lab 26 km southeast of Mongyai near Man Phyat Village; a second drug lab 20 km southwest of Mongyai; and a third major drug refinery 19 km southwest of the second location. During these exposures, temporary tents, computers, Starlink devices, chemical precursors, tablet-pressing machines, packaging (parking) machinery, heavy machinery, and buildings were seized. Additionally, SSPP/SSA uniforms, rank badges, and shoulder patches were discovered, and individuals connected to the group, drug production, and online gambling were apprehended.

When preliminary examinations were conducted by joint teams including experts on the seized materials used in drug manufacturing, it was initially discovered that they were being used to produce heroin and methamphetamine. Based on estimates of the chemical substances currently seized from the second location mentioned above, approximately 27 tons of "ice" (crystal meth), valued at around 540 billion kyats, could be produced. If converted into methamphetamine tablets, it is estimated that about 810 million tablets could be manufactured. Should these tablets reach the market, narcotics worth approximately 1.62 trillion kyats would be circulated. Furthermore, based on an analysis of the drug-manufacturing equipment seized at the site, it was confirmed that the operation had been regularly producing quantities of narcotics exceeding 27 tons of ice or about 810 million tablets. It was also found that the packaging styles of drugs previously seized in Myanmar match those produced using the machinery discovered in this case. Based on examinations of seized drug packaging bearing the label "GUAN YIN WANG" and other packages with Chinese writing, it was revealed that the quantity produced and distributed from the two seized locations accounted for approximately 33.44 percent of the total amount of ice seized nationwide in 2025. Investigations further found that armed terrorist groups are primarily engaging in drug production and trafficking as a major source of income: the AA group using maritime routes, KNU, KNLA, and PDF groups operating routes toward Thailand, and PDF and CNF groups operating routes toward India.

As drug-related activities pose a serious threat not only to Myanmar but also to neighbouring countries in the region, Myanmar is cooperating in anti-drug efforts with the United Nations, neighbouring countries, ASEAN member states, Mekong region countries, BIMSTEC member states, and international drug control organizations. The eradication of drugs can be more successful only if every country treats it as a national duty and makes comprehensive efforts with all available capacity. If the international community cooperates and assists Myanmar's anti-drug efforts, success can be achieved more quickly and effectively.

The Government of Myanmar regards the production, transportation, and sale of narcotics, as well as online fraud and gambling operations—which damage national dignity and threaten the future of the entire population—as national responsibilities and is vigorously and effectively carrying out eradication measures. In the current drug cases, any organization found to be primarily involved will be dealt with firmly and decisively. As drug trafficking and online fraud and gambling activities are harmful to Myanmar citizens and also pose dangers to neighbouring countries, the public is urged to collectively oppose them and to promptly report any information received to the relevant authorities. These points were explained in detail.

After the ceremony, attendees viewed the equipment used in drug manufacturing, seized items, and documentary photographs. Subsequently, commission member Union Minister for Home Affairs Lt-Gen Tun Tun Naung, the head of the National Defence and Security Council Information Team and the Deputy Minister for Information, responsible officials, diplomats, and domestic and foreign media representatives were transported by helicopter to a drug-manufacturing site near Man Phyat Village, located 26 kilometers southeast of Mongyal Town in northern Shan State. There, they were briefed site by site on temporary structures, chemical substances, and related equipment used in drug production, and officials and security personnel involved in the seizures answered questions.

The delegation then proceeded to another major drug-manufacturing site about 19 kilometers southwest of the first location. There, Police Brig-Gen Thant Lwin Maung, head of the Myanmar Police Force's Anti-Narcotics Division, along with responsible officials, provided explanations regarding the chemicals and equipment used, and responded to questions.

Following this, on behalf of Acting President Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, a cash reward of 100 million kyats was presented to Tatmadaw personnel and Myanmar Police Force members who successfully uncovered and seized drug-manufacturing sites as part of their national duty. The award was presented by Union Minister for Home Affairs Lt-Gen Tun Tun Naung and NDSC information team leader Deputy Minister for Information Maj-Gen Zaw Min Tun, and was received by Brig-Gen Aye Min Oo, Commander of the Northeastern Command, and Deputy Police Chief Police Maj-Gen Win Bo.

Afterward, officials once again conducted site-by-site briefings on the temporary structures, chemical substances, and equipment used in drug production, with security personnel involved in the operations responding to further questions. The delegation later toured another drug-manufacturing site located about 20 kilometers southwest of Mongyal Town by helicopter before departing.

Today, security personnel who participated in the discovery and seizure of the drug-manufacturing sites visited on the ground also responded to questions from the media.

**MPF member**



**An MPF member answers media questions.**

We arrived in Mongphyat on the 8th. On the 9th, police personnel, Tatmadaw troops, and commando units were properly organized and then advanced together. It took us two days to reach this area. We also had to cross streams. We safely crossed a stream about 20 feet wide and approximately 8 feet deep without incident. During this time, we arrested suspects and also seized uniforms. The buildings were secured intact and in their original condition, without damage. In accordance with the procedures of the Myanmar Police Force, and under the guidance of the Union Minister for Home Affairs and the directives of the Police Chief, as well as the close supervision and instructions of responsible commanders, we carried out our operations accordingly. For the eradication of narcotic drugs, the Tatmadaw and the Myanmar Police Force will continue to jointly combat them.

**Tatmadaw member**




**A Tatmadaw member answers media questions.**


We began our advance from Mongphyat on the 9th. The main reason was that we were ordered by higher command to carry out narcotics suppression operations. Based on map and ground reconnaissance, we advanced accordingly. There was only a brief and minor clash. Regarding arrests, one suspect was detained at the beginning of the advance. He was a male, around 37 years old. After arriving here and conducting clearance operations, six more males were arrested, making a total of seven detainees. When we entered the area, we came in from a direction they did not expect, climbing a difficult mountain ridge. The nearby stream was quite deep and had a strong current. Considering that crossing it together as two columns—the Tatmadaw column and the police commando column—would take too much time, I proposed to the police officer that we split into two columns to cross the stream. At around 7:00 a.m., we launched a coordinated assault. At that time, they fled in disarray.

100

# Tatmadaw military columns recapture militarily strategic locations, local battalion along Mandalay-Thabeikkyin-Mogok road


As Tatmadaw columns enter Kyauk Hle Bee Village, local residents who have bitterly suffered from the unlawful torture and abuse by terrorist insurgents warmly welcome them.


Tatmadaw columns fully re-establishing control over the local battalion and the entire surrounding area near Seingon Village on the Thabeikkyin–Mogok road.


Tatmadaw columns fully re-establishing control over the local battalion and the entire surrounding area near Seingon Village on the Thabeikkyin–Mogok road.


Tatmadaw columns fully re-establishing control over the local battalion and the entire surrounding area near Seingon Village on the Thabeikkyin–Mogok road.


Tatmadaw columns fully re-establishing control over the local battalion and the entire surrounding area near Seingon Village on the Thabeikkyin–Mogok road.

**Nay Pyi Taw January 14**

Tatmadaw military columns recaptured and took control of Madaya township, Singu township and Thabeikkyin township temporarily controlled by combined teams of so-called PDF terrorist insurgents in Mandalay region one after another and regional security tasks were carried out in Mandalay-Madaya-Singu-Thabeikkyin area for stability and enabling local residents to travel along transportation routes in peace of mind, fully controlling and reopening Mandalay-Madaya-Singu-Thabeikkyin road on 31 December, 2025.

As the Tatmadaw military columns were able to recapture the locations temporarily controlled by terrorist insurgents one after another, local residents expressed trust in the Tatmadaw and showed earnest support, offering information about terrorists to nearby Tatmadaw military columns in real time.

Losing the public support, so-called PDF terrorist insurgents are remorseful for their acts of terror and some of them, rejecting the bullying and coercion among their troops and appreciating the true attitude of the government and the Tatmadaw, returned to the legal fold with arms and ammunitions after contacting nearby outposts and officers.

To provide security for socioeconomic lives of local residents in Thabeikkyin-Mogok area, to facilitate trade in goods and to systematically manage resources above- and under-ground, which contribute to the economic development of the country, the Tatmadaw military columns continued to take local security measures and advance speedily in a coordinated manner by systematically coordinating information received from local resident and terrorist insurgents, who returned to the legal fold, to reopen Thabeikkyin-Mogok road as soon as possible and to retake a local battalion and surrounding areas. The Tatmadaw military columns were able to recapture and take complete control of Nyaung Bintha village on 11 January, Pozar Nwe village on 12 January, Kyauk Hle Bee village on 13 January, the local battalion and surroundings of Sein Gone village on 14 January, 2026, today.

The Tatmadaw military columns relentlessly defeated terrorist insurgents regardless of their lives and fought a total of 37 major/minor battles with terrorist insurgents, seizing 15 enemy bodies, 34 assorted weapons, ammunitions and accessories while some Tatmadaw officers and other ranks fell and sustained injuries.

After recapturing Nyaung Bintha, Pozar Nwe and Kyauk Hle Bee villages temporarily controlled by terrorist insurgents, when the Tatmadaw military columns advanced to conduct clearance operations, it was pleasantly and happily found that they were warmly greeted by local residents including the old and the young, men and women regardless of their age, who bitterly suffered tortures of terrorist insurgents, with sprigs of victorious Eugenia and garlands.

The Tatmadaw military columns will carry out necessary control tasks in the area and will continue to defeat terrorist insurgents who are hiding along the road connecting Sein Gone village and Mogok town and measures will be taken to reopen roads connecting Mogok, Thabeikkyin and Mandalay to facilitate trade in goods, to enable local residents to travel in peace of mind by carrying out local security and control measures speedily in cooperation with local residents. 100

**ရှေ့ဖုံးမှအဆက်**

ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုတစ်ရပ်လုံး၏ဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ ကယားပြည်နယ်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ထိုနေ့ကို ကယားပြည်နယ်နေ့အဖြစ် အလေးအမြတ်ထားသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၃၀ ကျော်ကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူဦးရေနှင့်ဧရိယာအကျယ်အဝန်း အနည်းဆုံးဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်းရှိ အခြားသောဒေသများနည်းတူ တောတောင်ရေမြေ သဘာဝအလှတရားများနှင့် ပြည့်စုံခြင်း၊ မြေပေါ်မြေအောက် သဘာဝသယံဇာတများပေါကြွယ်ဝခြင်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ရှင်သန်ခိုင်မာခြင်းများဖြင့် ပြည့်စုံသည့်ပြည်နယ်ဖြစ်ပါသည်။ ထို့မျှသာမက ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေခြင်း၊ ပွင့်လင်းရိုးသားခြင်းနှင့် စိတ်ထားဖြူစင် အေးချမ်းခြင်းတို့ဖြင့် ကောင်းမြတ်သောစရိုက်လက္ခဏာများလည်းရှိပါသည်။ကယားပြည်နယ်အတွင်း ကယားမျိုးနွယ်စုကိုးမျိုးတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လျက်ရှိပြီး ပြည်နယ်အကျိုးကို လိုလားသော ဒေသခံတိုင်းရင်းသားပြည်သူတို့၏ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုကြောင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုအဖြစ်လည်း ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းသော ပြည်နယ်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြပါသည်။ သို့သော် နယ်ချဲ့လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ပြီး စနစ်တကျသွေးခွဲအုပ်ချုပ်မှုများကြောင့် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ကွဲပြားခြားနားသော အယူဝါဒများကို စွဲကိုင်၍ အမျိုးမျိုးသော အဖွဲ့အစည်းများ၊ ဂိုဏ်းဂဏပါတီများကွဲခဲ့ကာ စည်းလုံးညီညွတ်မှုအားနည်းလာပြီး နိုင်ငံရေးကို လက်နက်ကိုင်နည်းလမ်းဖြင့် ရွေးချယ်အကြမ်းဖက်ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ပြည်နယ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပေါ်ပေါက်လာခဲ့ပြီး တိုက်ပွဲများ၊ ယမ်းငွေ့များကြားတွင် ဒေသခံတိုင်းရင်းသားများအားလုံး တည်ငြိမ်အေးချမ်းမှုကင်းမဲ့စွာဖြင့် ဒုက္ခဆင်းရဲမျိုးစုံကြားကာလကြာရှည်စွာ ဖြတ်သန်းလာခဲ့ရသည့် အနိဋ္ဌာရုံများကို အားလုံးသိရှိပြီးဖြစ်ပါသည်။

သို့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက်သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးမှာ အရေးကြီးဆုံးလိုအပ်ချက်အဖြစ်ခံယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့ကို စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြပါသည်။ ထာဝရငြိမ်းချမ်းရေးအတွက် လွဲမှားသည့်လက်နက်ကိုင်တောင်းဆိုမှုများအစား မှန်ကန်သောနိုင်ငံရေးစနစ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို ကြိုးစားလုပ်ဆောင်ခဲ့ကြပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့သည့်ကာလများတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးပြီး ယာယီအပစ်အခတ်ရပ်စဲရေး၊ လက်နက်စွန့်လွှတ်ရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ထိုကဲ့သို့ အစဉ်အလာကောင်းများနှင့်အညီ ဒီမိုကရေစီစနစ်ကူးပြောင်းခဲ့သည့် ပထမအစိုးရကာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးအတွက် အရှိန်အဟုန်ကောင်းနိုင်ရေး အစပျိုးနိုင်ခဲ့ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်နှင့် လျှောက်လှမ်းရန် ကြိုးစားနေဆဲကာလအစပိုင်းတွင် တိုးတက်မှုများရှိခဲ့သော်လည်း နောက်ပိုင်းကာလတွင် ပန်းတိုင်မရောက်မီတက်ကျိုးခဲ့ရသည့်အခြေအနေကို ကြုံခဲ့ရပါသည်။ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒီမိုကရေစီစနစ်၏အသက်သွေးကြောဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲများကျင်းပရေးကို လျစ်လျူရှုကာ တစ်ပါတီအာဏာရရေး မသမာမှုများလုပ်ကိုင်ခဲ့သည့်အတွက် တိုင်းပြည်အခြေအနေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူခဲ့ရပါသည်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ထိုအခြေအနေပေါ်တွင် အခွင့်ကောင်းယူကာ နိုင်ငံအတွင်း မတည်ငြိမ်မှုများ၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်စေရန်အတွက် လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ကျင့်သုံးခဲ့ကြပြီး နိုင်ငံအနှံ့တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း အသိဉာဏ်ပညာနည်းပါး၍ လမ်းလွဲရောက်နေသည့် အကြမ်းဖက်သမားလူငယ်လူရွယ်များကို သွေးထိုးမြှောက်ပင့်၍ တိုက်ပွဲများဖော်ဆောင်ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့် စကားအတိုင်း မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ၎င်းတို့ကြိုးဆွဲရာ ကစေလိုသောသဘောထားမမှန်သည့် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်းသစ္စာဖောက်တို့၏ ပယောဂမျိုးစုံသည်လည်း မီးလောင်ရာလေပင့်ဖြစ်ပြီး ယခုကာလထိ မတည်မငြိမ်ဖြစ်နေရသည်များမှာ အထူးသတိထားသင့်သည့်အချက်ပင်ဖြစ်ပါသည်။

ကယားပြည်နယ်တွင်လည်း အဆိုပါလက်နက်ကိုင်အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများပေါ်ပေါက်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့ခဲ့ရပါသည်။ အခက်အခဲများကို ကြံ့ကြံ့ခံရင်း ဒေသပြန်လည်အေးချမ်းတည်ငြိမ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ပေးဆပ်မှုများစွာဖြင့် လုပ်ဆောင်နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီးကို စနစ်တကျ ပြန်လည်တည်ဆောက်ထူထောင်ပေးပြီး ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝများ အဆင်ပြေစေရေးအတွက်လည်း အလျင်အမြန်ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်သည် ပြန်လည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းပေါ်သို့ အချိန်တိုတိုအတွင်း ပြန်လည်ရောက်ရှိနေပြီဖြစ်ပါသည်။ ဆက်လက်၍လည်း တိုးတက်အောင်မြင်မှုများရှိစေရန် နိုင်ငံတော်က ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မိမိဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနှောင့်နှေးအောင် မိမိတို့ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပင် လုပ်ဆောင်မှုများသည် အရုပ်ဆိုးအကျည်းတန်သကဲ့သို့ သမိုင်းတွင် အမည်းစက်အဖြစ် ကျန်ရစ်ခဲ့မည်သာဖြစ်**ပါသည်။ **လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် ပျက်စီးခဲ့ရသည့် ရုပ်ပိုင်းဆိုင်ရာများကို ပြန်လည်ပြုပြင်ရန် လိုအပ်သကဲ့သို့ ထိခိုက်ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာများကိုလည်း ပြန်လည်ကုစားရန်လိုအပ်သဖြင့် ကယားပြည်နယ်၏ပြန်လည်ရှင်သန်ဖွံ့ဖြိုးမှုတိုင်းအတွက် နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် လေးလေးနက်နက်တိုက်တွန်းလို**ပါသည်။

ယနေ့ကာလတွင် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ဦးတည်ချက်များနှင့်အညီ ပြည်သူများလိုလားတောင့်တသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ရောက်ရှိနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီစနစ်၏ အခြေခံနှင့် အဓိကဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကိုလည်း ကျင်းပဆောင်ရွက်လျက်ရှိရာ ယခုအခါ အပိုင်း(၁)နှင့် အပိုင်း(၂)တို့ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ အပိုင်း(၃)ကို မကြာမီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ပြည်သူ့အကျိုးကိုသာ ရှေးရှု၍ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်ပေးနေသကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုလည်း နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အဖြစ် သန္နိဋ္ဌာန်ထားချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုလားချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ရာ ပြည်သူအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

**ယခင်ထက်ပိုမို၍ အေးချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုပြန်လည်ဖြစ်ပေါ်လာစေရေးအတွက် အဓိကမောင်းနှင်အားသည် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်၊ စည်းလုံးမှုနှင့် ဖွဲ့လုံ့လများပင်ဖြစ်**ပါသည်။ **နိုင်ငံပျက်စီးရာပျက်စီးကြောင်း ပယောဂစိတ်ဖြင့် တွန်းတိုက်ရိုက်ခတ်မှုများကို ကြံ့ကြံ့ခံပြီး မည်မျှဖြိုခွဲစေကာမူ မပြိုလဲသည့်စည်းလုံးမှုနှင့် မဆုတ်မနစ် ဆောင်ရွက်လိုသည့် ကြိုးပမ်းမှုများဖြင့် တည်ဆောက်မည်ဆိုပါက မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဖြစ်**ပါသည်။ လက်ရှိကာလတွင် အကောင်းဆုံးကြိုးပမ်းတည်ဆောက်ခြင်းဖြင့်သာ အနာဂတ်ကာလရှိ မိမိတို့၏ မျိုးဆက်သစ်များအပေါ်တွင် တိုးတက်ဖွံ့ဖြိုးမှုနှင့် ကောင်းမွန်သည့် လူမှုစီးပွားဘဝများကို ပေးအပ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် **တိုင်းရင်းသားပြည်သူအားလုံး အသိဉာဏ်ပညာနှင့် သတိတရားလက်ကိုင်ထားကာ တစ်ဦးနှင့်တစ်ဦး စိတ်ရှည်သည်းခံမှု စည်းလုံးညီညွတ်မှုတို့ဖြင့် အနာဂတ်တွင် တစ်နိုင်ငံလုံး တစ်ပြေးညီ** သာယာအေးချမ်းစေရေးအတွက် အားသွန်ခွန်စိုက်အတူတကွကြိုးပမ်းဆောင်ရွက်သွားကြပါရန်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံးကလည်း စိတ်တူကိုယ်တူ အတွေးအကြံတူစွာဖြင့် ပြည်နယ်အေးချမ်းသာယာရေးမှသည် နိုင်ငံ့အကျိုးကို ဘက်ပေါင်းစုံက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ<br>သတိုးသီရိသုဓမ္မမင်းအောင်လှိုင်<br>ယာယီသမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

**မိမိဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနှောင့်နှေးအောင် မိမိတို့ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပင် လုပ်ဆောင်မှုများသည် အရုပ်ဆိုးအကျည်းတန်သကဲ့သို့ သမိုင်းတွင် အမည်းစက်အဖြစ် ကျန်ရစ်ခဲ့မည်သာဖြစ်...**

**လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် ပျက်စီးခဲ့ရသည့်ရုပ်ပိုင်းဆိုင်ရာများကို ပြန်လည်ပြုပြင်ရန် လိုအပ်သကဲ့သို့ ထိခိုက်ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာများကိုလည်း ပြန်လည်ကုစားရန်လိုအပ်သဖြင့် ကယားပြည်နယ်၏ ပြန်လည်ရှင်သန်ဖွံ့ဖြိုးမှုတိုင်းအတွက် နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် လေးလေးနက်နက်တိုက်တွန်းလို...**

❑ ညှိနှိုင်းအစည်းအဝေးကျင်းပမှုအဆက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

**မိမိတို့နိုင်ငံ၌ အခြေခံပညာနှင့်ပတ်သက်၍ သင်ကြားရေး ဆရာ၊ ဆရာမများ များစွာလိုအပ်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမများ၏ ပညာအရည်အချင်းများ ပိုမိုတိုးတက်မြင့်မားစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးဆောင်ရွက်စဉ် မိမိတို့နိုင်ငံ၌ အခြေခံပညာနှင့်ပတ်သက်၍ သင်ကြားရေး ဆရာ၊ ဆရာမများ များစွာလိုအပ်သည်ကို သိရှိခဲ့ရကြောင်း၊ သင်ကြားရေး ဆရာ၊ ဆရာမများကို ဘွဲ့လွန်ဘွဲ့များပေးအပ်နိုင်ရန်အတွက် ဆရာအတတ်သင်ကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခရီးစဉ်များရောက်ရှိချိန်တွင် ပညာရေးဒီဂရီကောလိပ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများကိုလေ့လာခဲ့ကြောင်း၊သတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အလယ်တန်းပြ ဆရာ၊ ဆရာမများကိုလည်း အထက်တန်းပြဆရာ၊ဆရာမများအဖြစ် မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာအတတ်သင်တက္ကသိုလ်အဖြစ် သုံးနှုန်းမည်ဆိုပါကကောင်းမွန်မှုရှိမရှိဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း။

မူကြိုကျောင်းတက်သည့် ကလေးတိုင်းသည် မူလတန်းသို့ တက်ရောက်ကြသော်လည်း မူလတန်းတက်ရောက်သည့် ကလေးတိုင်းသည် မူကြိုကျောင်းတက်ရောက်ခဲ့ရမှုမရှိကြောင်း၊ KG+2၊ KG+ 3တို့တွင် ပညာသင်ကြားသည့်ကလေးများ၏ ပညာသင်ကြားမှုစနစ်နှင့် KG နှင့် KG+1 တို့တွင် သင်ကြားကြသည့် ကလေးငယ်များကို ပညာသင်ကြားပေးရမှုတူညီမှုမရှိကြကြောင်း၊ ထို့ကြောင့်မူကြိုတက်ရောက်မှုမရှိခဲ့ဘဲ KG နှင့် KG+1တို့တွင်တက်ရောက်သည့် ကလေးငယ်များကိုပညာသင်ကြားရေးကို အထောက်အကူပြုစေမည့် အသက်အရွယ်နှင့် ကိုက်ညီသည့်သင်ကြားမှုစနစ်ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာမူလတန်းအဆင့်မှ ဆရာ၊ဆရာမများကို ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာသင်တန်းများ သင်ကြားပေးခြင်းဖြင့် KG နှင့် KG+1 တို့တွင် ပညာသင်ကြားလျက်ရှိသည့် ကလေးငယ်များ၏ သင်ကြားသင်ယူမှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**အခြေခံပညာကျောင်းများ စံကိုက်ဖြစ်စေရေးနှင့် ကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ရန်လို**

အခြေခံပညာကျောင်းများနှင့် ပတ်သက်၍ အချို့ကျောင်းများမှာ စံကိုက်ဖြစ်သော်လည်း အချို့ကျောင်းများမှာကျောင်းအင်္ဂါရပ်များနှင့်ပြည့်စုံမှုမရှိသည်ကို တွေ့ရကြောင်း၊ မူလတန်းကျောင်းအဆင့်၏ မြေအကျယ်အဝန်းမှာ သုံး ဧကမှ ငါး ဧကအတွင်းရှိရမည်၊ အလယ်တန်းကျောင်းအဆင့်၏ မြေအကျယ်အဝန်းမှာ ငါး ဧကမှ ခုနစ် ဧကအတွင်းရှိရမည်၊ အထက်တန်းကျောင်းအဆင့်၏ မြေအကျယ်အဝန်းမှာ ခုနစ် ဧကမှ ၁၀ ဧကအတွင်းရှိရမည်ဖြစ်ကြောင်း၊ အချို့ကျောင်းများမှာ ထိုသို့ စံကိုက်ညီမှုမရှိခြင်းကြောင့် စာသင်ဆောင်များ ဆက်လက်တိုးချဲ့ဆောက်လုပ်ရန်အတွက် အခက်အခဲများရှိကြောင်း၊ တိုးတက်လာသည့် သင်ကြားမှုစနစ်နှင့် ကျောင်းသား၊ ကျောင်းသူဦးရေများအရ စံကိုက်ညီမှုရှိသည့် အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ သပ်ရပ်စွာဖြင့် စနစ်တကျဖြစ်အောင်အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏ သားသမီးများကို ပုဂ္ဂလိကကျောင်းတွင် ထားနိုင်သည့်သူများမဟုတ်ဘဲ နိုင်ငံတော်က ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းမိသားစုများနှင့် သာမန်ဝင်ငွေရှိသူများ အများစုသည် အစိုးရကျောင်းများတွင် ၎င်းတို့၏သားသမီးများကို ပညာသင်ကြားစေကြကြောင်း၊ ထို့ကြောင့် အစိုးရကျောင်းများကို မဖြစ်မနေအဆင့်မြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ စံချိန်မီသည့် ကျောင်းများဖြစ်စေရေးနှင့် အရည်အချင်းရှိသည့် ဆရာ၊ ဆရာမများဖြစ်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များပေါ်ကြွယ်ဝစေရေး စက်မှု၊စိုက်ပျိုး၊မွေးမြူရေး အခြေခံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုအဓိကထားဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာများကိုကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မဖြစ်မနေလိုအပ်လျက်ရှိခြင်းကြောင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ခရိုင်မြို့များ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံကျောင်းများကိုဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုအခါ အထိုက်အလျောက်အောင်မြင်မှုများရှိလာပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမကအလယ်တန်းအဆင့်၌လည်း စက်မှု၊

**တိုးတက်လာသည့် သင်ကြားမှုစနစ်နှင့် ကျောင်းသား၊ ကျောင်းသူဦးရေများအရ စံကိုက်ညီမှုရှိသည့် အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ သပ်ရပ်စွာဖြင့် စနစ်တကျဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်၊ အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏သားသမီးများကို ပုဂ္ဂလိကကျောင်းတွင်ထားနိုင်သည့်သူများမဟုတ်ဘဲ နိုင်ငံတော်က ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ် . . .**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး လွိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ဖွင့်ပွဲနှင့် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်






**လွိုင်ကော် ဇန်နဝါရီ ၁၄**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် ၇၄ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် လွိုင်ကော်လေဆိပ်သို့ ရောက်ရှိကြရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများလျှောက်ထား၍ လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီမြတ်)အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ အလှူငွေများ လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ကြီးကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်

**စိုက်ပျိုး၊ မွေးမြူရေး အခြေခံဗဟုသုတများ သင်ကြားပေးရန်စီစဉ်နေကြောင်း၊ ထိုသို့ သင်ကြားပေးခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ များစွာ ရရှိလာမည်ဖြစ်ကြောင်း။**

**ဆရာ၊ ဆရာမများကို ရာထူးခန့်ထားရေးနှင့်ပတ်သက်၍ ပညာရေးကောလိပ်များမှ သင်တန်းဆင်း ဆရာ၊ ဆရာမများကိုဆွဲဆောင်မှုရှိသည့် Incentive များပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများ၏ ဘွဲ့အရည်အချင်းများအလိုက် ခံစားခွင့်များကိုလည်း နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်ထားကြောင်း၊ အလားတူ ဝန်ထမ်းများကိုလည်းရရှိသည့် ဘွဲ့များအလိုက်ခံစားခွင့်များပေးရန် လိုကြောင်း၊ ဆရာ၊ ဆရာမများကို ထိုက်တန်သည့်အဆင့်များ တိုးမြှင့်ပေးအပ်နိုင်ရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း။**

## ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး

ကျန်းမာရေးဝန်ထမ်းများနှင့်ပတ်သက်၍ ကုသရေးပါရဂူများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်သူနာပြုများရှိကြောင်း၊ **ကျန်းမာရေးကဏ္ဍမြှင့်တင်မှုကို အထောက်အကူပြုနိုင်ရန်အတွက် သူနာပြုကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မြှင့်တင်ဖွင့်လှစ်သွားရန် လိုအပ်**ကြောင်း၊ ဆေးရုံများတွင် သူနာပြုများကို အဆင့်အလိုက် တာဝန်ပေးအပ်ထားပြီး ဆေးရုံများရှိ ခုတင်အရေအတွက် အနည်း၊ အများအလိုက် တာဝန်ပေးအပ်မှုများ ကွာခြားသွားသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် **ထမ်းဆောင်ရသည့်တာဝန်များအလိုက် Grade များခွဲ၍ Grade များအလိုက် ခံစားခွင့်များကိုတိုးမြှင့်ပေးသွားရန်လို**ကြောင်း၊ **ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူ့ကျန်းမာရေးကဏ္ဍမြှင့်တင်မှုအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်**ကြောင်း။

ဆရာအတတ်သင်တက္ကသိုလ်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ သင့်လျော်သည့်အသုံးအနှုန်းများရှိပါကလည်း တင်ပြပေးစေလိုကြောင်း၊ ဆရာအတတ်သင်တက္ကသိုလ် ဖွင့်လှစ်ရန်အတွက် နေရာများရွေးချယ်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ရာ မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရီးစဉ်များသွားရောက်စဉ်အတွင်း ပညာရေးဒီဂရီကောလိပ်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ယင်းဒီဂရီကောလိပ်များအနက် ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် ဖွင့်လှစ်ရန် ကောင်းမွန်သင့်လျော်မှုရှိသည့် မြို့များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

## တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာကျောင်းများကို အောင်မြင်စွာဖြင့်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိခဲ့သည့် လူငယ်များအတွက်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်သင်တန်းများကို ဒေသအလိုက်ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု၊ ယခုပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှုနှင့် ဆရာ၊ ဆရာမများကို Grade အလိုက်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မှု၊ ဆရာအတတ်သင်တက္ကသိုလ်များဖွင့်လှစ်သင်ကြားခြင်းဖြင့်

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာများကို ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မဖြစ်မနေလိုအပ်လျက်ရှိခြင်းကြောင့် မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ခရိုင်မြို့များ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ . . .**

**ကျန်းမာရေးကဏ္ဍမြှင့်တင်မှုကို အထောက်အကူပြုနိုင်ရန်အတွက် သူနာပြုကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မြှင့်တင်ဖွင့်လှစ်သွားရန် လိုအပ် . . .**

နိုင်ငံတော်၏ ပညာရေးသင်ကြားရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်မှု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များအတွက် သင်ရိုးများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက သင်ရိုးများပိုမိုကောင်းမွန်လာနိုင်မှု၊ မူကြို ဆရာ၊ ဆရာမများနှင့်ပတ်သက်၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးသင်တန်းများကို ပညာရေးဝန်ကြီးဌာနအောက်ရှိ သင်တန်းကျောင်းများတွင် သင်ကြားပေးနိုင်သကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိသင်တန်းကျောင်းများတွင်လည်းသင်ကြားနိုင်မှု၊ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ်အဆင့်မြှင့်တင်၍ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ ပညာရည်မြှင့်တင်ရေးကဏ္ဍအတွက် များစွာအထောက်အကူပြုမှု၊ အခြေခံပညာကျောင်းများကို ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဘတ်ဂျက်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျာထားဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် သူနာပြုသင်တန်းကျောင်းများနှင့် သားဖွားသင်တန်းကျောင်းများမှ သူနာပြုများ မွေးထုတ်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခြေခံကျောင်းများအတွက် ကာယနည်းပြများလိုအပ်သောကြောင့် ကာယပညာများလေ့ကျင့်ခန့်အပ်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် မုန့်များရောင်းချရာ၌ သန့်ရှင်းပြီး အာဟာရပြည့်ဝသည့် မုန့်ပဲသရေစာများကိုသာ ရောင်းချစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များကိုလည်း အဆင့်နှင့်လျော်ညီစေရေး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဝေးလံခေါင်းပါးသည့် တိုင်းရင်းသားဒေသများရှိ လူငယ်များ၏ ပညာရည်မြှင့်မားရေးကိုလည်း အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (မဝ၁)

---

စောဒန်နီယယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှုဆောင်ချုပ်က အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကြီး ဖွင့်ပွဲမှတ်တမ်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သီရိမင်္ဂလာဈေးသစ်ကြီး သီရိမင်္ဂလာခန်းမ၌ အမှုဆောင်ချုပ်က နိုင်ငံတော်အကြီးအကဲ၏မူဝါဒအရ ပျက်စီးမှုများကို မူလထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြသည့်အတွက် လှိုင်ကော်မြို့ကို မြို့သစ်တစ်ခုကဲ့သို့ မြင်တွေ့ခွင့်ရပါကြောင်း၊ ယခုကဲ့သို့ ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့်အတွက် တာဝန်ရှိသူများအားလုံးကိုကျေးဇူးတင်ရှိပါကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးနှင့်ပတ်သက်၍ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၊ ပြည်သူပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လှိုင်ကော်မြို့သည် ရေခံ၊ မြေခံကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည့်အတွက် အားလုံးပူးပေါင်းပါဝင်၍ တိုးတက်အောင် လုပ်ဆောင်မည်ဆိုလျှင် ယခုထက်အဆမတန် တိုးတက်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး သီရိမင်္ဂလာဈေးသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများကို




ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ခုတင်၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးသွားခဲ့သည့် လှိုင်ကော်ပြည်သူ့ဆေးရုံကြီး အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် အမှုဆောင်ချုပ်က ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် ရန်ပုံငွေကျပ်သိန်း ၅၀ ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများကိုကြည့်ရှုအားပေးပြီး လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရောဂါရှာဖွေရေးဌာနနှင့် ကွန်ပျူတာဓာတ်မှန်ဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်ကော်နှစ်ခြင်းဘုရားရှိခိုးကျောင်းသို့သွားရောက်ပြီး လှိုင်ကော်မြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော် ခြောက်သင်းမှ ဆရာတော်များနှင့်တွေ့ဆုံ၍ ဆန်၊ ဆီနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ရာ လှိုင်ကော်နှစ်ခြင်းအသင်းတော်မှ ဒေါက်တာခွန်ထွန်းလင်းနှင့် သီရိဒေါနှစ်ခြင်းအသင်းတော်မှ ဆရာတော်ခူးရယ်ကျော်ထူးတို့က လက်ခံရယူကြကာ ကျေးဇူးတော်ချီးမွမ်းခြင်းကို ခံယူကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ၇၄ နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်၍ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများထံ အသိပေး ပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ OnilneBooking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်း ဆောင်ရွက်ရာတွင် လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ် ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု(Express Service) ကို ၅-၁-၂၀၂၄ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ် နယ်မြေခံတပ်မှ အရာရှိ၊စစ်သည်၊မိသားစုများကိုတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး သည် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးပြီး ပိုမိုကျစ်လျစ်ခိုင်မာအောင်လုပ်ဆောင်ရန်၊ မိသားစုဝင်များ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေထိုင်ကြရန်၊ ရှိပြီးသား စည်းလုံးညီညွတ်မှုကိုအခြေခံပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာလက်တွဲတာဝန်ထမ်းဆောင်ကြရန်၊ တပ်တွင်းရှိ အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည်များ ညီအစ်ကိုစိတ်ဓာတ်ရှိရန်၊ ရဲမေများ ညီအစ်မစိတ်ဓာတ်ထားရှိရန်၊တပ်ရင်းတစ်ခုလုံးမောင်နှမစိတ်ဓာတ်ရှိကြရန်၊ တစ်ဦးချင်းစွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်တင်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့်အရည်အချင်းငါးပါးကို သိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက Vedio Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့်အပိုင်း(၂)ကျင်းပခဲ့သည့်မြို့နယ်များမှ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၃)အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။



# တနင်္သာရီတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြိတ်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရွေးကောက်ပွဲအပိုင်း(၃)တွင်ပါဝင်သည့် မြို့နယ်များသို့ MEVM စက်များ သယ်ယူပို့ဆောင်မှုအခြေအနေ၊ မဲရုံများ၏ လုံခြုံရေးပိုင်းအခြေအနေ၊ သွားလာရခက်ခဲသည့် ပြည်သူများ ဆန္ဒမဲပေးရာတွင် သွားလာမှုအဆင်ပြေစေရေးတို့နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ရွေးကောက်ပွဲအပိုင်း(၃)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တနင်္သာရီတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

## ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ထွက်ခွာမည့်မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားများအား အသိပေးခြင်းကြေညာချက်ကို ၂၈-၃-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊မိမိအစီအစဉ်ဖြင့်ဖြစ်စေ နိုင်ငံအလိုက်စေလွှတ်ရေးလုပ်ငန်းစဉ် SOP များကို ၂၂-၃-၂၀၂၅ ရက်မှ ၂၈-၃-၂၀၂၅ ရက်ထိ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ဝန်ကြီးဌာန၏ Facebook Page၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင်လည်းကောင်း အများပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်တွင် ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံး ရုံးပိတ်ရက်(မပါ) ငါးရက်ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းကြေညာချက်နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ကျွမ်းကျင်၊ ခွင့်ပြန်ဖြင့်ဖြစ်စေ OWIC ပြုလုပ်ခွင့်များနှင့် ပြည်ပထွက်ခွာခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များက ပေးပို့လာသည့် စာရင်းများအရ မိမိအစီအစဉ်ဖြင့် ခွင့်ပြန် OWIC လက်ဝယ်ရှိပြီးသူများသည် အပိုဒ် ၁ ပါ အချက်များကို လိုက်နာခြင်းမရှိသည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ ပြည်ပသို့ထွက်ခွာနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန၏ Web-site ဖြစ်သည့် www.mol.gov.mm၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ OWIC လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက ၁၄-၁-၂၀၂၆ ရက်မှစတင်၍သတ်မှတ်စည်းကမ်းများ နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြည်ပသို့ပြန်လည်ထွက်ခွာရန် လိုအပ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်းသုံးကြစို့။



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပမီဒီယာများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်သည့်နေရာနှင့် အသုံးပြုသည့် ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ရှင်းလင်းဖော်ထုတ် ဖမ်းဆီးရမိသည့် သတင်းကို ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးများကိုချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံး သိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိမှုတို့နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်၌ ကျင်းပပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နီပေါနိုင်ငံ၊ လာအိုနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ သံအမတ်ကြီးများ၊သံတမန်များ၊ စစ်သံမှူးများ၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ တက်ရောက်သတင်းရယူကြသည်။

ဦးစွာကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်အဖြစ်ချမှတ်ထားပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတစ်ခုတည်းနှင့် မြန်မာပြည်သူများအပေါ်သာ သက်ရောက်မှုရှိခြင်းမဟုတ်ဘဲ နိုင်ငံတိုင်းရှိပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိနေပြီး ထိုကဲ့သို့ လူသားမျိုးနွယ်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့်ပြဿနာအပေါ် လူမျိုးစွဲ၊ ဘာသာစွဲ၊ နိုင်ငံရေးဝါဒအစွဲများနှင့် ဆောင်ရွက်နေကြသည့် အချို့အဖွဲ့အစည်းများနှင့် နိုင်ငံများ၏ဆောင်ရွက်ချက်များကို စိတ်မကောင်းဖွယ်တွေ့မြင်နေကြရသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်လာပါက နိုင်ငံတကာကို ပေးအပ်ထားသည့် ကတိများအတိုင်း မမှိတ်မသုန် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှု၊ ဘိန်းခင်းများကို ဖျက်ဆီးခဲ့မှု၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့မှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ၌ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် စခန်းငယ်များကိုသာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ယခုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သော စခန်းများသည် ဖော်ထုတ်ဖမ်းဆီးရမိမှုများအနက် အကြီးမားဆုံးဖြစ်သည်ကို တွေ့ရှိရသည့်အခြေအနေများနှင့် အဆင့်ဆင့်ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုအခြေအနေများ၊ ယခုဖမ်းဆီးရမိသော ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနေသည့် ပစ္စည်းကိရိယာများအပေါ် လေ့လာဖော်ထုတ်ချက်အရ အဆိုပါနေရာများတွင် မူးယစ်ဆေးဝါးအမြောက်အမြားကို ထုတ်လုပ်နေကြောင်း စိစစ်တွေ့ရှိရသည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို နိုင်ငံတကာ အသိုက်အဝန်းနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားရန် ကတိပြုထားသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ယခုကဲ့သို့ မူးယစ်ဆေးဝါးအမြောက်အမြားထုတ်လုပ်ရာ ပင်ရင်းနေရာတစ်ခုကို ဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ခြင်းကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုပြဿနာကို ထိရောက်ပြင်းထန်စွာ တားဆီးနိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာသို့ ပေးထားသည့်ကတိအတိုင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရရှိနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်ကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးကိုအမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်ဟု သတ်မှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ EAO အမည်ခံ သောင်းကျန်းသူအဖွဲ့များနှင့် အကြမ်းဖက်သမားများက နိုင်ငံအတွင်း တည်ငြိမ်မှုမရှိအောင်လုပ်ဆောင်ပြီး အဆိုပါအခြေအနေများကို အခွင့်ကောင်းယူကာ ၎င်းတို့အတွက် ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချသောအလုပ်များကို လုပ်ဆောင်နေသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေသည့်အတွက်ကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာတွင်အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိသည့်အခြေအနေများနှင့် အဆိုပါပစ္စည်းများကို သောင်းကျန်းသူအဖွဲ့များအနေဖြင့် အခြားနိုင်ငံများမှ နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်ခဲ့သည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် နိုင်ငံတော်၏ နိုင်ငံရေးမတည်ငြိမ်မှု၊ နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး ပျက်ပြားမှုအခြေအနေများကို အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါးလုပ်ငန်းများကို ၎င်းတို့အနေဖြင့် ပိုမိုလုပ်ဆောင်လာကြသည့် အခြေအနေများ။

မြန်မာနိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကို တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လက်တွဲပြီး တက်ကြွစွာပူးပေါင်းနှိမ်နင်းလျက်ရှိပြီး အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ အမြစ်ပြတ်ချေမှုန်းရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ယခု မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်ပစ္စည်းများအမြောက်အမြား ဖမ်းဆီးရမိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်နှင့် သီပေါအကြား မိုင်းရယ်မြို့၏ အနောက်တောင်ဘက်နေရာများ၏ နောက်ခံသမိုင်းကြောင်းအခြေအနေများ၊ ၂၀၁၃ ခုနှစ်ခန့်တွင် ယင်းဒေသ၏ တောင်ဘက်ဟိုက်ပါ၊ ပါချီးလမ်းခွဲနေရာများသို့ SSPP/SSA ဝမ်ဟိုင်းအဖွဲ့ ဝင်ရောက်လာခဲ့သဖြင့် တပ်မတော်နှင့်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး တပ်မတော်အနေဖြင့် ၎င်းတို့၏ ဝမ်ဟိုင်းဌာနချုပ်နေရာအထိ ရောက်ရှိစစ်ဆင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်မှုများအရ စစ်ဆင်ရေးကို ရပ်တန့်ပေးခဲ့သည့် အခြေအနေများ၊ ထို့နောက် ၎င်းဒေသတစ်ဝိုက်တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများ ရရှိခဲ့သဖြင့် တပ်မတော်က ဝင်ရောက်ရှင်းလင်းခဲ့ပြီး SSPP/SSA ဝမ်ဟိုင်းအဖွဲ့ကိုလည်း သတိပေးမှုများပြုလုပ်ခဲ့ရသည့် အခြေအနေများ။

ယင်းဒေသများ၌ ယခင်ကတပ်မတော် စိုးမိုးမှုရှိခဲ့ပြီး အဖြူရောင်ဒေသဖြစ်ခဲ့ကာ သီပေါနှင့် မိုင်းရယ်အကြားဆက်သွယ်ထားသည့် လမ်းနှင့်အနီးတစ်ဝိုက်ရှိ စိန်ကြော့၊ ဆောင်ကြဲ၊ ဟိုယနှင့် တောင်ဘက် နမ့်လန်တို့၌ တပ်မတော်က စိုးမိုးမှုရှိခဲ့သည့် အခြေအနေများနှင့် ၂၀၂၃ ခုနှစ်၌ ၁၀၂၇ အမည်ခံစစ်ရေးလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း လားရှိုးအပါအဝင်အဆိုပါဒေသများမှ ခေတ္တဆုတ်ခွာခဲ့ရသည့် အခြေအနေများ၊ ထို့နောက် **နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်များအရ တပ်မတော်အနေဖြင့် ရှေ့မတိုး၊ နောက်မဆုတ်သာ ရပ်တန့်နေခဲ့ရချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ရင်းနှီးကျွမ်းဝင်နေသည့်သူများ၊ ဝိသမလောဘသားများသည် ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(EAO) များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာများ ထူထောင်ခြင်း၊**



သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပမီဒီယာများကို မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။

**မူးယစ်ဆေးဝါးချက်လုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းများကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ၎င်းတို့အနေ ဖြင့် "တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ်" ကြခြင်းပင်ဖြစ်သည့်** အခြေအနေများ။

၂၀၂၅ ခုနှစ်အတွင်း၌ တပ်မတော်အနေဖြင့် နယ်မြေ၌ အခြေကျလာသည်နှင့် အမျှ နယ်မြေဒေသအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသ၊ နိုဝင်ဘာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးနှင့် ဒီဇင်ဘာလအတွင်း

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီးတို့တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့မှု အခြေအနေများ။

ယခုနှစ် ဇန်နဝါရီလအတွင်း၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့အကြား၌ အွန်လိုင်းလိမ်လည်မှုလုပ်နေသည့်နေရာများ ရှိနေကြောင်း၊ သောင်းကျန်းသူများ၏ မတရားညှဉ်းပန်းနှိပ်စက်မှု၊ လူသစ်စုဆောင်းမှုများ၊ ဒေသခံများပိုင်ဆိုင်သည့် တန်ဖိုးရှိပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ အဆောက်အအုံများနှင့် လမ်းတံတားများကို အကြောင်းမဲ့ဖျက်ဆီးခြင်းစသည့် လူမှုစီးပွားဘဝများပျက်စီးဆုတ်ယုတ်စေသော လုပ်ဆောင်ခြင်းများကို နှစ်မြို့ခြင်းမရှိသည့် ဒေသခံတိုင်းရင်းသားများအနေဖြင့် အခွင့်မသာ၍သာ တပ်မတော်စစ်ကြောင်းများကို သတင်းပေးပို့နိုင်ခဲ့ခြင်းမရှိဘဲ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာတပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့လာခဲ့သည့်အတွက် တပ်မတော်အနေဖြင့် လေကြောင်းကင်းထောက်မှုများ၊ မြေပြင်သတင်းစုံစမ်းခြင်းများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ရာ အွန်လိုင်းလိမ်လည်မှုသာမက မူးယစ်ဆေးဝါးနှင့်လည်း ပတ်သက်နေကြောင်း တွေ့ရသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် လျှပ်တစ်ပြက်အထူးစစ်ဆင်ရေးကို ထိရောက်ပြင်းထန်စွာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး စစ်ဆင်ရေးစတင်ခဲ့သည့်အခြေအနေများ၊ စစ်ဆင်ရေးဆောင်ရွက်ရာတွင် တပ်မတော်က တပ်ရင်း သုံးရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲကွန်မန်ဒိုတပ်ခွဲသုံးခွဲဖြင့် အင်ပြည့်အားပြည့် ဆောင်ရွက်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေး၌ အကြီးမားဆုံးနှင့် ပမာဏအများဆုံး ရှင်းလင်း၊ ဖျက်ဆီး၊ ဖမ်းမိသည့်စစ်ဆင်ရေးဖြစ်သည့်အခြေအနေများ၊ စစ်ဆင်ရေးကို အောင်မြင်အောင် ခက်ခက်ခဲခဲဖြင့်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးကျူးလေးစားဂုဏ်ယူ အသိအမှတ်ပြုလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်ဆင်ရေးနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လက်ရောက်ချီးမြှင့်သွားရန် လမ်းညွှန်မှာကြားခဲ့သည့်အခြေအနေများ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိရေး ဆောင်ရွက်ခဲ့ရာတွင် နားလင်းကျေးရွာ၏ အနောက်မြောက်ဘက် ကိုးကီလိုမီတာခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့်နေရာ၊ ၎င်းနေရာ၏ အရှေ့ဘက် မီတာ ၈၀၀ ခန့်အကွာ၌ မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ၊ မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့် အကွာ မန်ဖြတ်ကျေးရွာအနီး၌ မူးယစ်ဆေးဝါးချက်လုပ်သည့် ပထမနေရာ၊ မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ၂၀ ခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်သည့် ဒုတိယနေရာ၊ ယင်းနေရာ၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးအဓိကချက်လုပ်သည့် တတိယမြောက်နေရာစသည်ဖြင့် အဆင့်ဆင့်ဖော်ထုတ်ရရှိခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့ဖော်ထုတ်ခဲ့ရာတွင် ၎င်းနေရာအသီးသီးမှ အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီတဲများ၊ ကွန်ပျူတာများ၊ Star Link များအပါအဝင် အခြားဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုဆေးရည်များနှင့် ဆက်စပ်ဓာတုပစ္စည်းများ၊ ဆေးပြားရိုက်စက်များ၊ မူးယစ်ဆေးဝါးများထုပ်ပိုးရာတွင် အသုံးပြုသည့် (Parking)စက်ပစ္စည်းများ၊ စက်ယန္တရားကြီးများနှင့် ဆက်စပ်စက်ပစ္စည်းများ၊ အဆောက်အအုံများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့်အခြေအနေများနှင့် SSPP/SSA တံဆိပ်ပါ ယူနီဖောင်းများ၊ အဆင့်တံဆိပ်များ၊ ပခုံးတံဆိပ်များနှင့် ၎င်းတို့အဖွဲ့နှင့် ဆက်စပ်နေသည့်သူများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ပါဝင်ပတ်သက်နေသူများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်နေသူများကို ဖမ်းဆီးရမိခဲ့သည့်အခြေအနေများ။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို ပညာရှင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ပဏာမစစ်ဆေးမှုပြုလုပ်သောအခါ ဘိန်းဖြူ(Heroin)နှင့် မက်သ်အဖက်တမင်း (Methamphet-amine)များ ထုတ်လုပ်နေခြင်းဖြစ်ကြောင်းကို ကနဦးဖော်ထုတ်တွေ့ရှိရသည့်အခြေအနေများ၊ အထက်တွင်ပြောကြားခဲ့သည့် ဒုတိယနေရာမှ လက်ရှိသိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများအပေါ် ခန့်မှန်းတွက်ချက်မှုအရ အိုက်စ် ၂၇ တန်ခန့်(တန်ဖိုးငွေကျပ် ဘီလီယံ၅၄၀) ထုတ်လုပ်နိုင်ပြီး စိတ်ကြွဆေးပြားအဖြစ်ပြောင်းလဲထုတ်လုပ်မည်ဆိုပါက စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အကယ်၍ ယင်းစိတ်ကြွဆေးပြားများ ဈေးကွက်အတွင်းသို့ ရောက်ရှိသွားမည်ဆိုပါက ငွေကျပ် ဘီလီယံ ၁၆၂၀ ခန့် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများပျံ့နှံ့သွားမည်ဖြစ်သည့် အခြေအနေများ၊ ယင်းနေရာတွင် ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို လေ့လာဖော်ထုတ်သုံးသပ်ချက်အရ အိုက်စ် ၂၇ တန် သို့မဟုတ် စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့်ထက် ပိုမိုများပြားသည့် မူးယစ်ဆေးဝါးများကို ပုံမှန်ထုတ်လုပ်နေခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရသည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ယခင်ကဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှု (Parking) ပုံစံများသည် ယခုတွေ့ရှိရသော စက်ကိရိယာများဖြင့် ထုတ်လုပ်ထားသည့် မူးယစ်ဆေးဝါးထုပ်ပိုးမှု(Parking) ပုံစံများအတိုင်း ထပ်တူကျနေသည်ကို တွေ့ရှိရသည့်အခြေအနေများ၊ ဖော်ထုတ်ဖမ်းဆီးရမိသည့် GUAN YIN WANG စာတန်းပါ မူးယစ်ဆေးဝါးထုပ်ပိုးသည့်ထုပ်ပိုးခွံများနှင့် တရုတ်စာတန်းပါရှိသည့် ထုပ်ပိုးခွံများအပေါ်အခြေခံ၍ စိစစ်ချက်များအရ ဖမ်းဆီးရမိခဲ့သည့်နေရာနှစ်ခုမှ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့်ပမာဏသည် ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် အိုက်စ်ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိကြောင်းကို ဖော်ထုတ်တွေ့ရှိရသည့်အခြေအနေများ၊ လက်နက်ကိုင် အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ယူပို့ဆောင်ခြင်းများကို ၎င်းတို့၏ဝင်ငွေရလမ်းကြောင်းအဖြစ် အဓိကလုပ်ဆောင်လျက်ရှိပြီး ပင်လယ်ဘက် ထွက်ပေါက်လမ်းကြောင်းကို AA အဖွဲ့ကလည်းကောင်း၊ ထိုင်းနိုင်ငံဘက်သို့ KNU၊ KNLA၊ PDF အဖွဲ့များကလည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်သို့ PDF၊ CNF အဖွဲ့များကလည်းကောင်း အသီးသီးလုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည့်အခြေအနေများ။

မူးယစ်ဆေးဝါး လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတိုင်းကလည်း အမျိုးသားရေးတာဝန်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြမည်ဆိုပါက ယခုထက်ပိုမို၍ လျင်လျင်မြန်မြန်ဖြင့် အောင်မြင်နိုင်မည်ဖြစ်သည့်အခြေအနေများ။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုထိခိုက်စေပြီး တစ်မျိုးသားလုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းချသည့်လုပ်ငန်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ယခုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းချသည့် လုပ်ငန်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများသည် မြန်မာနိုင်ငံသူ၊နိုင်ငံသားများအတွက် အကျိုးယုတ်စေမည့် လုပ်ငန်းများဖြစ်သကဲ့သို့ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမည့်

စာမျက်နှာ ၂၂ သို့



သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပမီဒီယာများကို မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိကျောက်လှည်းဘီးကျေးရွာကို ပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ်ကားလမ်းပေါ်ရှိ စိန်ကုန်းကျေးရွာအနီး နယ်မြေခံတပ်ရင်းနှင့်ဝန်းကျင်ဒေသတစ်ခုလုံးကို အလုံးစုံပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ စိန်ကုန်းကျေးရွာအနီး နယ်မြေခံတပ်ရင်းနှင့်ဝန်းကျင်ဒေသတစ်ခုလုံးကို အလုံးစုံ ပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ စိန်ကုန်းကျေးရွာအနီး နယ်မြေခံတပ်ရင်းနှင့်ဝန်းကျင်ဒေသတစ်ခုလုံးကို အလုံးစုံပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ စိန်ကုန်းကျေးရွာအနီး နယ်မြေခံတပ်ရင်းနှင့်ဝန်းကျင်ဒေသတစ်ခုလုံးကို အလုံးစုံပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

### ❍ ပြန်လည်သိမ်းပိုက်ရရှိမှု

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့် တစ်ပြေးညီ နီးစပ်ရာတပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်းများ ပြုလုပ်လာကြသည်။ထိုသို့ ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို မရရှိတော့သည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် စိတ်ပျက်နောင်တရသည့်အပြင် ၎င်းတို့အဖွဲ့များ အချင်းချင်းတွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ၊ အဓမ္မမှုများ ကျူးလွန်ခြင်းတို့ ရှိလာခဲ့ခြင်းအပေါ် လက်မခံနိုင်ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ သဘောတရားအမှန်တို့ကို နားလည်သဘောပေါက်လက်ခံလာခြင်းတို့ကြောင့် PDF အမည်ခံအဖွဲ့ဝင်အချို့သည် နယ်မြေအလိုက်ရှိ နီးစပ်ရာတပ်စခန်းများ၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ဝင်ရောက်လာခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်း-မိုးကုတ်ဒေသ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံမှုရှိစေရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်စွာချောမွေ့စေရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးတို့အတွက် အထောက်အကူပြုသည့် မြေပေါ်၊ မြေအောက်သယံဇာတများ စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးတို့အတွက် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် ၎င်းဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ဒေသခံပြည်သူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များ၏ သတင်းပေးပို့မှုများကို စနစ်တကျ ပေါင်းစပ်သုံးသပ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီစွာအရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ညောင်ပင်သာကျေးရွာကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ပိုးဇာန္တယ်ကျေးရွာကို လည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် **စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၀ မှအဆက်

လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူအားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် ရရှိလာသော သတင်းအချက်အလက်များကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြရန် တိုက်တွန်းလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပမှ မီဒီယာအဖွဲ့များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာအကွာ မန်ဖြတ်ကျေးရွာအနီးရှိ မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသခဲ့ကာ သိရှိလိုသည့်မေးမြန်းမှုများအပေါ် တာဝန်ရှိသူများနှင့်ဖော်ထုတ်သိမ်းပိုက်ရာတွင်ပါဝင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ သံတမန်များ၊ သတင်းမီဒီယာအဖွဲ့များသည် ယင်းနေရာ၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးအဓိကချက်လုပ်သည့် နေရာသို့ ရောက်ရှိကြရာ ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် လူသားမျိုးနွယ်ကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးများ ချက်လုပ်ခဲ့သည့်နေရာများအား ဖမ်းဆီးရမိရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် ငွေကျပ် သိန်း ၁၀၀၀ ကို ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က ပေးအပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်ဝင်းဗိုလ်တို့က လက်ခံရယူကြသည်။

ထို့နောက် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုခဲ့သည့်ယာယီအဆောက်အအုံများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသခဲ့ကာ သိရှိလိုသည့်မေးမြန်းမှုများအပေါ် တာဝန်ရှိသူများနှင့် ဖော်ထုတ်သိမ်းပိုက်ရာတွင် ပါဝင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ သံတမန်များ၊ သတင်းမီဒီယာအဖွဲ့များသည် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။

ယနေ့တွင် မြေပြင်ကွင်းဆင်းသွားရောက်ခဲ့သည့် မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို ဖော်ထုတ်သိမ်းပိုက်ခဲ့ရာတွင် ပါဝင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားမှုများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

“ကျွန်တော်တို့ ၈ ရက်နေ့မှာ မိုင်းဖြတ်ကိုရောက်ပါတယ်။ ၉ ရက်နေ့ မိုင်းဖြတ်မှာ ရဲရော၊ တပ်ရော၊ ကွန်မန်ဒိုအဖွဲ့ရော



သေချာစုဖွဲ့ပြီးတော့ ချီတက်ခဲ့ကြပါတယ်။ ဒီဘက်ကိုလာဖို့ နှစ်ရက်ကြာပါတယ်။ ချောင်းတွေလဲ ဖြတ်ခဲ့ရပါတယ်။ ချောင်းအကျယ် ပေ ၂၀၊ အနက် ရှစ်ပေ ခန့်ရှိတဲ့ ချောင်းကို အန္တရာယ်မဖြစ်အောင်လို့ ကူးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီကြားထဲမှာ တရားခံတွေလဲ မိပါတယ်။ နောက်ပြီးတော့ ယူနီဖောင်းတွေလဲမိပါတယ်။ ဒီအဆောက်အအုံတွေလဲ အပျက်အစီးမရှိ အကောင်းပကတိအတိုင်းရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းစဉ်အတိုင်း ပြည်ထဲရေးဝန်ကြီးရဲ့ လမ်းညွှန်ချက်၊ ရဲချုပ်ကြီးတို့ရဲ့ လမ်းညွှန်ချက်နဲ့အညီ အနီးကပ်ကွပ်ကဲမှု ညွှန်ကြားပေးတဲ့ တာဝန်ရှိသူတွေရဲ့ ကွပ်ကဲမှုတွေနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဆက်လက်တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

“ကျွန်တော်တို့ကတော့ ၉ ရက်နေ့က စပြီး မိုင်းဖြတ်ကစပြီး ချီတက်ခဲ့ပါတယ်။ အဓိကအကြောင်းရင်းက မူးယစ်ဆေးဝါး နှိမ်နင်းမှုအတွက် ကျွန်တော်တို့ကိုအထက်ဌာနက အမိန့်ပေးတဲ့အတွက် ကျွန်တော်တို့က မြေပုံမြေပြင်ကြည့်ပြီးတော့ ချီတက်ခဲ့ပါတယ်။ တိုက်ပွဲက အကြမ်းအားဖြင့်



ခဏတာ နည်းနည်းပါးပါးပဲဖြစ်တာပါ။ ဖမ်းဆီးရမိမှုကတော့ စတင်ချီတက်တဲ့အချိန်မှာ တစ်ဦးပါခင်ဗျ။ အမျိုးသားတစ်ဦး အသက် ၃၇ လောက်ရှိပါတယ်။ နောက်ထပ် ဒီကိုရောက်ပြီးတော့ ရှင်းလင်းတဲ့အချိန်မှာ အမျိုးသား ခြောက်ဦး စုစုပေါင်း ခုနစ်ဦး ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမှာအကြမ်းအားဖြင့် ကျွန်တော်တို့ဝင်လာတဲ့အချိန်မှာ သူတို့မျှော်မှန်းထားတဲ့နေရာမဟုတ်တဲ့ ကျွန်တော်တို့က ခက်ခက်ခဲခဲဖြစ်တဲ့ တောင်ကြောပေါ်ကိုတက်ခဲ့တယ်။ ဒီနားမှာရှိတဲ့ ချောင်းက တော်တော်လေးနက်ပြီး ရေစီးလဲသန်ပါတယ်။ အဲ့ဒီချောင်းကိုဖြတ်ပြီး ခက်ခက်ခဲခဲနဲ့ တပ်စစ်ကြောင်းနဲ့ ရဲကွန်မန်ဒိုစစ်ကြောင်း နှစ်ကြောင်းပေါင်းပြီးကူးလို့ရှိရင် အချိန်ကြာမြင့်မှာစိုးသည့်အတွက် ကျွန်တော်က ရဲမှူးကို အကြံပြုပြီး စစ်ကြောင်းနှစ်ကြောင်းခွဲပြီး ချောင်းကို ဖြတ်ပါတယ်။ မနက် ၇ နာရီမှာ ကျွန်တော်တို့ အလုံးအရင်းနဲ့ ဝင်လုံးပါတယ်။ အဲ့ဒီအချိန်မှာ ကစဉ့်ကလျားနဲ့ ထွက်ပြေးကြပါတယ်”ဟု ပြောသည်။

(၅၀၁)





တပ်မတော်စစ်ကြောင်းများက ကျောက်လှည်းဘီးကျေးရွာသို့ ဝင်ရောက်လာစဉ် အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၁ မှအဆက်

ကျောက်လှည်းဘီးကျေးရွာကို လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက် ယနေ့တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် စိန်ကုန်းကျေးရွာတစ်ဝိုက်တို့ကိုလည်းကောင်း တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အဆိုပါဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိရေး အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ၃၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၃၄ လက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ဒဏ်ရာများရရှိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ညောင်ပင်သာကျေးရွာ၊ ပိုးဇာနွယ်ကျေးရွာ၊ ကျောက်လှည်းဘီးကျေးရွာတို့ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်စဉ် လမ်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရသည့် ဒေသခံပြည်သူများသည် တပ်မတော်စစ်ကြောင်းများကို သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များပါမကျန် ကျား၊မ ကြီးငယ်မရွေး အောင်သပြေပန်းများ၊ ပန်းကုံးများကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်ကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ကာ စိန်ကုန်းကျေးရွာနှင့် မိုးကုတ်မြို့အကြား လမ်းပိုင်းတွင် ခိုအောင်းနေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ဆက်လက်တိုက်ခိုက်ချေမှုန်းရှင်းလင်းသွားမည်ဖြစ်ပြီး ဒေသအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးတို့အတွက် မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဟားခါးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်အား ရွှေဘိုတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ဇေယျ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး<br>ဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာစန်းစန်းတင့်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ<br>ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း၆၀၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၁၆ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ကိုးဦး၊ သီရိလင်္ကာနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိမှုတို့နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ




မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိမှုတို့နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

ပြင်ဦးလွင် ဇန်နဝါရီ ၁၄

မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံး သိမ်းဆည်းရမိမှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိမှုတို့နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့၌ကျင်းပသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့တွင် မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်လုံးတွင် မူးယစ်ဆေးဝါးအများဆုံး ဖမ်းဆီးရမိသည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ဦးစွာလုပ်မည်ဖြစ်ပါကြောင်း၊ ထို့နောက် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် နေရာများကို လက်တွေ့မြေပြင်တွင် ပြသသွားမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးလိုပါကြောင်းပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးနှင့် တာဝန်ရှိသူများကို နိုင်ငံတကာသံတမန်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ဇော်မင်းထွန်းက မိမိအနေဖြင့် ကြိုတင်၍ မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုမူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုသည် အကြီးဆုံးဖြစ်သကဲ့သို့ စိတ်ဝင်စားစရာကောင်းသည့် ကိစ္စလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖမ်းမိခဲ့ခြင်းဖြစ်ပါကြောင်း၊ သမိုင်းမှတ်တမ်းတင်ရမည့် အရာတစ်ခုလည်း ဖြစ်ပါကြောင်း၊ သတင်းထောက်များ၊ သံအမတ်ကြီးများ၊ သံတမန်များအနေဖြင့် မေးစရာမေးခွန်းအမြောက်အမြား ရှိမည်ဖြစ်ပါကြောင်း၊ သို့သော် မိမိမေတ္တာရပ်ခံလိုသည်မှာ သတင်းစာရှင်းလင်းပွဲပြီးသည်နှင့် ထိုနေရာများကို ရဟတ်ယာဉ်နှင့် လိုက်ကြည့်ရမည်ဖြစ်သောကြောင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ယခုသတင်းစာရှင်းလင်းပွဲတွင် မေးခွန်းများ မေးမြန်းခြင်းမပြုဘဲ မြေပြင်ကိုရောက်သည့် အချိန်၊ မြေပြင်ကို လိုက်ကြည့်ပြီးသည့် အချိန်တွင် မေးမြန်း၍ရပါကြောင်း၊ မိမိတို့ပြန်လာသည့် အချိန်တွင်လည်း မေးမြန်း၍ရကြောင်း မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မိမိတို့အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာကို ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့သည့် အနေအထားကို ဦးစွာရှင်းလင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်ပြီး အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ အထူးအလေးထားပြီး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ခေတ်အဆက်ဆက်အစိုးရသည်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ထိထိရောက်ရောက်ဆောင်ရွက်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်လျှင် မိမိတို့ပြည်သူနှင့်လက်တွဲပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မိမိတို့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းမှ မိမိတို့နိုင်ငံနှင့် ပတ်သက်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် လိုအပ်သည့် အကူအညီများရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ စွမ်းအားရှိသလောက် တစိုက်မတ်မတ် အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် ပြောကြားလိုကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးပြဿနာသည် မိမိတို့နိုင်ငံတစ်နိုင်ငံတည်း သက်ဆိုင်သည့်ပြဿနာမဟုတ်ကြောင်း၊ နိုင်ငံအားလုံးနှင့်သက်ဆိုင်သည့်ပြဿနာကြီးဖြစ်ကြောင်း၊ ကမ္ဘာ့လူသား မျိုးနွယ်စုအားလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်သော်လည်း ယင်းအပေါ်တွင် အချို့အဖွဲ့အစည်းများ၊ နိုင်ငံများအနေဖြင့် လူမျိုးစွဲ၊ ဘာသာစွဲ၊ နိုင်ငံရေးဝါဒအစွဲများနှင့် ယင်းအစွဲများကို အခြေခံပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေခြင်းကိုလည်း စိတ်မကောင်းဖွယ်ရာတွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ်မိမိတို့ပေးထားသည့် ကတိများအတိုင်း ဆက်လက်ပြီး လုပ်ဆောင်သွားမည်ဟု ထပ်လောင်းကတိပြု ပြောကြားလိုကြောင်း ပြောကြားသည်။

မိမိတို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြလိုကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် အမှုပေါင်း ၆၉၉၀၊ တရားခံပေါင်း ၁၀၀၆၃ ဦးနှင့်အတူ မူးယစ်ဆေးဝါးတန်ဖိုးအားဖြင့် ငွေ ဘီလီယံ ၉၇၀ ကျော် ဖမ်းဆီးရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အမှုပေါင်း ၆၇၅၉ မှု၊ တရားခံပေါင်း ဦးရေ ၉၆၀၀နှင့် တန်ဖိုးအားဖြင့် ဘီလီယံ ၁၁၂၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အမှုပေါင်း ၆၅၃၉ မှု၊ တရားခံပေါင်း ၈၈၅၃ ဦးနှင့်အတူ တန်ဖိုးအားဖြင့် ၁၀၅၇ ဘီလီယံကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် အမှုပေါင်း ၅၅၉၃ မှု၊ တရားခံပေါင်း ၇၈၂၈ ဦးနှင့်အတူ တန်ဖိုးငွေ ၉၉၈ ဘီလီယံကျော်သိမ်းဆည်းရရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ထူးထူးခြားခြားဖမ်းဆီးရမှုတိုးတက်လာကြောင်း၊ အမှုပေါင်း ၅၃၇၀ ဖြစ်ပြီး အမှုကလျော့ကျသွားကြောင်း၊ တရားခံပေါင်း ၇၅၆၂ ဦးဖြစ်ပြီး လျော့ကျသွားကြောင်း၊ သို့သော် တန်ဖိုးအားဖြင့် ကျပ်ငွေ ၁၇၆၁ ဘီလီယံကျော် တန်ဖိုးတို့ကို သိမ်းဆည်းရမိသည့်အတွက် တန်ဖိုးအားဖြင့် စံချိန်တင်ခဲ့ကြောင်း၊ ယင်းအရာများသည် မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိမှုများဖြစ်ကြောင်း၊ ယင်းတို့ကို ကြည့်ခြင်းအားဖြင့် ၂၀၂၅ ခုနှစ်အတွင်း ယခင်နှစ်များထက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပမာဏ တန်ဖိုးက နှစ်ဆနီးပါး ပိုမိုတိုးတက်ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါး ထိန်းချုပ်တားဆီးရေး၊ ဖမ်းဆီးရေးအပြင် ဘိန်းခင်းများ ဖျက်ဆီးရေးကိုလည်း နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်တွင် ဘိန်းခင်း ၁၄၀၃ ဟက်တာကျော်၊ ၂၀၂၂ ခုနှစ်တွင် ဘိန်းခင်း ၂၃၅၇ ဟက်တာကျော်၊ ၂၀၂၃ ခုနှစ်တွင် ဘိန်းခင်း ၂၅၀၁ ဟက်တာကျော်၊ ၂၀၂၄ ခုနှစ်တွင် ၁၉၁၆ ဟက်တာကျော်၊ ၂၀၂၅ ခုနှစ်တွင် လက်ရှိအချိန်ထိ ၂၀၅၇ ဟက်တာကျော်တို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် မိမိတို့အနေဖြင့် ကျန်ရှိနေသေးသည့် အချိန်များတွင် ဘိန်းစိုက်ရာသီမကုန်သေးသည့်အတွက် ဆက်လက်ပြီးဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ပတ်သက်ပြီး နှစ်စဉ် ဇွန်လတွင် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အနေဖြင့် နှစ်စဉ် ဇွန်လတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဖျက်ဆီးရာတွင် ၂၀၂၁ ခုနှစ်တွင် ၁၀၆၈ ဘီလီယံကျော်၊ ၂၀၂၂ ခုနှစ်တွင် ၁၁၈၈ ဘီလီယံကျော်၊ ၂၀၂၃ ခုနှစ်တွင် ၉၃၆ ဘီလီယံကျော်၊ ၂၀၂၄ ခုနှစ်တွင် ၁၁၆၃ ဘီလီယံကျော်၊ ၂၀၂၅ ခုနှစ်တွင် ၁၀၇၂ ဘီလီယံကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဖမ်းဆီးရမိမှုများ ပိုမိုများပြားလာသည့်အတွက် ဖျက်ဆီးမှုများ ပိုမိုဆောင်ရွက်လာနိုင်သည့် အနေအထားဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရလက်ထက် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်ပတ်သက်ပြီး အထူးစစ်ဆင်ရေးဆောင်ရွက်မှုအနေဖြင့် ၁၁ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင်လည်း မူးယစ်ဆေးဝါး တရားခံပြေးများ ဖမ်းဆီးရမိရေး စီမံချက်နှင့် အထူးစစ်ဆင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် စစ်ဆင်ရေးကာလများအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် စခန်း ၁၃ ခု၊ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ မေ ၁ ရက်ထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လွယ်စန့်ကျေးရွာနှင့် အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ယာယီစခန်းတစ်ခုကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပါကြောင်း၊ ယင်းနေရာတွင် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ၊ ၎င်းလုပ်ငန်းကို အကာအကွယ်ပေးနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လက်နက်၊ ခဲယမ်း အမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ထိုအချိန်က ကြီးမားသော မူးယစ်ဆေးဝါးထုတ်လုပ်သည့် စခန်းတစ်ခုဖြစ်သည်ဆိုသည့် မှတ်တမ်းရှိကြောင်း ပြောကြားသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် စခန်းငယ်လေးများကိုသာ ဖော်ထုတ်ရမိခဲ့ကြောင်း၊ ယခုဖမ်းဆီးရမိသည့် စခန်း သုံးခုကို အစောပိုင်းက ဗိုလ်ချုပ်ဇော်မင်းထွန်း တင်ပြပြောကြားခဲ့သကဲ့သို့ မူးယစ်ဆေးဝါးသမိုင်းကြောင်း တစ်လျှောက် မိမိတို့နိုင်ငံတွင် အကြီးဆုံး မူးယစ်ဆေးဝါးထုတ်လုပ်သည့် နေရာဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် မူးယစ်ဆေးဝါးထွက်ရှိသည့် အဓိကနေရာတစ်ခုဖြစ်ကြောင်း၊ ယခင်တုန်းကတည်းကလည်း ရွှေတြိဂံဒေသဆိုပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး နာမည်ကြီးထားပြီးသားဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများကို ဖော်ထုတ်ရှင်းလင်းသည့်လုပ်ငန်းများကို အထူးအလေးထားပြီးစုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် စစ်ကြောင်းသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် နားလင်းကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာတွင် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ဖြစ်ပွားခဲ့ရာတွင် ၎င်းတို့၏စခန်းငယ်တစ်ခုကိုသိမ်းပိုက်ရရှိခဲ့ကြောင်း၊ ဤသည်မှာ ဂိတ်ကင်းသဘောမျိုး ဆောင်ရွက်ထားရှိသည့် အနေအထားဖြစ်ကြောင်း၊ ၎င်းတို့၏စခန်းများကို ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများကို ပိတ်ဆို့ထားရှိသည့် အနေအထားများဖြစ်ကြောင်း၊ ယင်းစခန်းကို သိမ်းပိုက်ပြီးသည့်နောက် ဇန်နဝါရီ ၉ ရက်တွင် ဆက်လက်၍ နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာ အဆိုပါနေရာ၏ အရှေ့ဘက်မီတာ ၈၀၀ ခန့်အကွာတွင် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာ တစ်ခုတွင် ဆေးပြားရိုက်စက် တစ်လုံး၊ မွှေစက်တစ်လုံး၊ ဆေးပြား ရေတွက်စက် တစ်လုံး၊ အိုက်စ် နှစ်ကီလို၊ စိတ်ကြွဆေးပြား ထုတ်လုပ်ရန် ရောစပ်ထားသည့် အနှစ် ၁၀ ကီလိုပါပုံး တစ်ပုံး အပါအဝင် တင်ပြပါပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ပြောကြားသည်။

ထိုအခြေအနေများအပေါ် မူတည်၍ မိမိတို့အနေဖြင့် လေကြောင်းကင်းထောက်မှုများနှင့် မြေပြင်တွင် မူးယစ်ဆေးဝါးကိုမလိုလားသည့်ပြည်သူလူထု၏ သတင်းပေးမှုများမှတစ်ဆင့် မြေပြင်သတင်း စုံစမ်းဖော်ထုတ်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် သီပေါမြို့နယ်ကို ကျော်လွန်၍ မိုင်းရယ်မြို့နယ်အတွင်း မသင်္ကာဖွယ်ရာ စာမျက်နှာ ၂၅ သို့

**စာမျက်နှာ ၂၄ မှအဆက်**

နေရာ သုံးခုကို ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ယင်းနှင့်ဆက်လက်၍ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက် နေ့လယ်ပိုင်းတွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၂၅ ကီလိုမီတာခန့် အကွာနေရာ၌ တင်ပြပါစခန်းတစ်ခုကို တွေ့ရှိခဲ့ကာ ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး SSPP/SSA အဖွဲ့မှ ပါဝင်ပတ်သက်နေသည့် တရားခံခြောက်ဦးကို ဖမ်းဆီးရရှိခဲ့ကြောင်း ပြောကြားသည်။

နောက်တစ်ရက် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါနေရာ၏ အရှေ့မြောက်ဘက်ခြောက်ကီလိုမီတာခန့်အကွာတွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့်စခန်းကို ထပ်မံပြီးသိမ်းဆည်းရရှိခဲ့ကြောင်း၊ ထိုနေ့ နံနက် ၉ နာရီခွဲတွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၃၅ ကီလိုမီတာအကွာ ပထမဆုံးနေရာ၏ အနောက်ဘက်ရှိ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာတွင် အသုံးပြုသည့် ယာယီအဆောက်အအုံများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း၊ ဤနေရာသည် ဖမ်းဆီးရမိသည့် သုံးနေရာထဲတွင် အကြီးဆုံးနေရာဖြစ်ကြောင်း၊ ပထမဆုံးတွေ့သည့်နေရာသည် သေးသော်လည်း ဒုတိယနေရာမှာ ပထမနေရာထက်ကြီးကြောင်း၊ တတိယတွေ့သည့် နေရာသည် အကြီးဆုံးဖြစ်ကြောင်း၊ မိမိတို့တွေ့ရှိသည့် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများကို စက်ရုံတစ်ရုံကဲ့သို့ တည်ဆောက်ပြီး ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လေ့လာဖော်ထုတ်ချက်အရ ယင်းနေရာများသည် မူးယစ်ဆေးဝါး အမြောက်အမြားထုတ်လုပ်နေသည့်နေရာများဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ဧည့်သည်တော်ကြီးများ အနေဖြင့်လည်း မြေပြင်ကို လက်တွေ့ရောက်ရှိသည့်အခါ ယင်းနေရာများ၏ မူးယစ်ဆေးဝါး ထုတ်လုပ်နိုင်သည့်စွမ်းအားကို မျက်ဝါးထင်ထင်တွေ့ရှိရမှာဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါနေရာများ၌ စာတန်းပါသည့် မူးယစ်ဆေးဝါး ထုပ်ပိုးခွံများကို သိမ်းဆည်းရရှိမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများကို ထုပ်ပိုးခွံများနှင့်ထုတ်လုပ်ပြီး ဖြန့်ချိခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြန့်ချိရာတွင် ဖမ်းဆီးရမိခဲ့သည့်အထဲ၌ အလားတူတံဆိပ်များကို များစွာတွေ့ရကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း အိုက်စ် ၃၇ ဒသမ ၈ တန်ကျော် ဖမ်းမိခြင်းရှိကြောင်း၊ ဖမ်းမိသည့်အထဲတွင် ယင်းတံဆိပ်များပါသည့် အိုက်စ်က ၁၃ တန်ကျော်ခန့်ပါဝင်ကြောင်း၊ ဤနေရာများတွင် ထုတ်လုပ်သည့် အိုက်စ်များသည် ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး ဖမ်းဆီးရမိသည့် အိုက်စ်၏ သုံးပုံ တစ်ပုံရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ ၎င်းပမာဏထက် ပိုမိုထုတ်လုပ်လျက်ရှိသည်မှာလည်း သေချာပါကြောင်း၊ ဖမ်းမိသည့် မူးယစ်ဆေးဝါးများ၏ အနည်းဆုံးသုံးပုံ တစ်ပုံကို ထိုနေရာများက ထုတ်လုပ်သည်မှာ ထင်ရှားသည့် သက်သေများဖြစ်ကြောင်း၊ အိုက်စ်သာမကဘဲ ဘိန်းဖြူဟီရိုးအင်းလည်း ထုတ်လုပ်နေသည့် အနေအထား၊ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ ထိုနေရာသုံးခုမှ ပုံမှန်ထုတ်လုပ်သည့် ပမာဏများပြားကြောင်း၊ မိမိတို့နိုင်ငံ၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ ထက်ဝက်နီးပါးခန့် ရှိသည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

စိတ်ကြွရူးသွပ်ဆေးဝါးနှင့် ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း စိတ်ကြွဆေးပြား ၂၂၇ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် စိတ်ကြွဆေးပြား ၃၇၇ သန်းကျော် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ပမာဏများစွာ တိုးတက်ဖမ်းဆီးရမိခဲ့ခြင်းမှာ ယခုနေရာများမှ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်လာသည့်အတွက် ဖမ်းဆီးရမိမှုလည်း တိုးတက်လာသည့်အနေအထားမျိုး သုံးသပ်တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဟု ကတိပြုကြောင်း၊ ကတိအတိုင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအမြောက်အမြားထုတ်လုပ်သည့် ပင်ရင်းနေရာကို ရှာဖွေဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံ၏ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပြဿနာနှင့် ပတ်သက်၍ ယခင်က ရောင်းဝယ်ဖောက်ကားမှုများကို လမ်းကြောင်းများတွင်သာ ရှာဖွေဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပြီး ယခုဆိုလျှင် ပင်ရင်းထုတ်လုပ်သည့်နေရာထိ ရှာဖွေဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ခြင်းကြောင့် ထိထိရောက်ရောက်နှင့် ပြင်းပြင်းထန်ထန် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

၂၀၂၆ ခုနှစ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများ၊ ရောင်းဝယ်မှုများ လျော့ကျသွားမည်ဟု သုံးသပ်စိစစ်တွေ့ရှိရကြောင်း၊ ယခုသွားရောက်လေ့လာမည့် နေရာများ ရောက်ရှိသည့်အချိန်တွင် ဧည့်သည်တော်များအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုအခြေအနေများကို မျက်ဝါးထင်ထင် တွေ့ရှိရမှာဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ကာကွယ်ပေးနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများရှိကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးမှ ရရှိသည့် ဝင်ငွေကို အဓိကမူတည်ပြီး ၎င်းတို့၏ အသက်ရှင်နေထိုင်ရပ်တည်မှု၊ ထောက်ပံ့မှုကိစ္စများအပြင် လက်နက်ခဲယမ်းကအစ ဆောင်ရွက်နေသည်ကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လည်းပတ်သက်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများ အဓိကဝင်ငွေရသည့် လုပ်ငန်းဖြစ်သည့်အတွက်ကြောင့် ထိထိရောက်ရောက် ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လူသားမျိုးနွယ်စု တစ်ခုလုံးအတွက် အင်မတန်အန္တရာယ်ကြီးမားသည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အထူးအလေးထားပြီး ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ယနေ့မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်၊ ဖြစ်ပေါ်နေသည့်အခြေအနေ၊ ဖမ်းဆီးရမိသည့်အနေအထား၊ ယင်းတို့နှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဧည့်သည်တော်ကြီးများအနေဖြင့် သွားရောက်ကြည့်ရှုပြီးလျှင် မေးခွန်းများလည်း မေးမြန်းနိုင်ကြောင်း၊ သွားရောက်ကြည့်ရှုစဉ်တွင်လည်း မေးမြန်းနိုင်ကြောင်းပြောကြားသည်။

ဗိုလ်ချုပ်ဖော်မင်းထွန်းက မိမိအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး လုပ်ဆောင်ခဲ့သည့်အကြောင်းအရာများ၊ မူးယစ်းဆေးဝါးနှင့် EAO အဖွဲ့များ ဆက်စပ်သည့် ကိစ္စများ၊ ဆောင်ရွက်ရမည့် ကိစ္စများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်စုတစ်စုလုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ် တစ်ရပ်အဖြစ်သတ်မှတ်ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ EAO အမည်ခံ သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်မှုမရှိအောင် လုပ်ဆောင်ပြီး ထိုအခြေအနေကို အခွင့်ကောင်းယူကာ ၎င်းတို့အတွက် ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချသည့် အလုပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ဥပမာအနေဖြင့် သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့ဖြစ်သည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် မူးယစ်ဆေးဝါး သယ်ဆောင် ဖြန့်ဖြူးရောင်းချမှုများကို အကြိမ်များစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဓိကအားဖြင့် ရခိုင်ပြည်နယ်ရှိ ပင်လယ်ပြင်၊ တနင်္သာရီ၊ ရန်ကုန်၊ ဧရာဝတီတိုင်းဘက်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအများစုသည် AA သောင်းကျန်းသူအဖွဲ့နှင့် ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ စစ်ဆေးချက်များအရလည်း AA သောင်းကျန်းသူများနှင့် ပတ်သက်သူများကိုသာ ဖမ်းဆီးရမိကြောင်း၊ ယင်းကဲ့သို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေသည့်အတွက်ကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံထဲတွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် နေရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များ အနေဖြင့် အခြားနိုင်ငံများမှ နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံအတွင်းကို ချိတ်ဆက်သယ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အပါအဝင် နိုင်ငံရေးမတည်ငြိမ်မှု၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားမှု အခြေအနေများကို အခွင့်ကောင်းယူပြီး ထိုကဲ့သို့ မူးယစ်ဆေးဝါးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်လာကြခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် လက်တွဲပြီးတက်ကြွစွာ ပူးပေါင်းနှိမ်နင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယင်းကို မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အမြစ်ပြတ်ချေမှုန်းဖို့ရန် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ ယခုမူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ အွန်လိုင်းလိမ်လည်သည့်ပစ္စည်းများ အမြောက်အမြား ဖမ်းဆီးရမိသည့်နေရာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်နှင့် သီပေါအကြား မိုင်းရယ်မြို့၏ အနောက်တောင်ဘက် နေရာများဖြစ်ပါကြောင်း၊ယနေ့ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသော မီဒီယာများ၊ သံတမန်များအနေဖြင့် ဤမျှပမာဏများများ၊ ထုထည်ကြီးကြီးဖြင့် လုပ်ဆောင်နေသည်ကို မိမိတို့အစိုးရက မသိဘူးလားဟူ၍ မေးခွန်းထုတ်စရာရှိမည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အကြောင်းအချက် နှစ်ချက်ပြောလိုပါကြောင်း၊ ပထမဦးဆုံးအနေဖြင့် ဖမ်းမိသည့်နေရာနှင့် ပတ်သက်ပြီး ပြောရလျှင် ယခင်က ယင်းဒေသတွင် တည်ရှိနေသူများမှာ SSPP/SSA ဝမ်ဟိုင်းအဖွဲ့ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က SSPP/SSA ဝမ်ဟိုင်းအဖွဲ့နှင့် မိမိတို့တပ်မတော်တို့ တိုက်ပွဲဖြစ်ခဲ့ကြောင်း၊ ယင်းဒေသ၏ တောင်ဘက် ဟိုက်ပါရေတံခွန်နေရာ၊ ပါချီးလမ်းခွဲတို့တွင် ၂၀၁၃ ခုနှစ် လောက်က (SSPP/SSA) ဝမ်ဟိုင်းအဖွဲ့ဝင်လာသဖြင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ခဲ့ဖူးပါကြောင်း၊၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးနိုင်ရန်ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ်ကစ၍ ဆွေးနွေးမှုများ လုပ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ လုပ်ခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးမှုများ လုပ်ဆောင်ရာတွင်(SSPP/SSA) ဝမ်ဟိုင်းအဖွဲ့လည်းပါဝင်ခဲ့ကြောင်း၊ ၎င်းတို့က ၎င်းတို့အတွက် နယ်မြေသတ်မှတ်ပေးရန် အကြိမ်ကြိမ်ညှိနှိုင်းခဲ့သည့်အတွက် မိမိတို့က ငြိမ်းချမ်းရေးသဘောတူညီချက်များ လုပ်ခဲ့ပြီး ဟိုက်ပါရေတံခွန်၊ ပါချီးလမ်းခွဲနေရာတို့ကို စစ်ဆင်ရေးများလုပ်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ၎င်းတို့၏ ဌာနချုပ်ဝမ်ဟိုင်းနေရာနားထိ မိမိတို့ တပ်မတော်ကရောက်ရှိခဲ့ကြောင်း၊ ဝင်သိမ်း၍ရသည့် အခြေအနေရှိခဲ့ကြောင်း၊သို့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကြောင့် မိမိတို့အနေဖြင့် ဝမ်ဟိုင်းနေရာကို အသိအမှတ်ပြုခဲ့ကြောင်း၊ ထို့နောက် မိမိတို့တပ်များကို စစ်ဆင်ရေးရပ်သိမ်းပြီး ပြန်လည်ဆွေးနွေးခဲ့ကြောင်း၊ စစ်ဆင်ရေးရပ်တန့်ပေးခဲ့ပြီး နောက်ပိုင်း ထိုဒေသတစ်ဝိုက်တွင် မူးယစ်ဆေးနှင့်ပတ်သက်သည့် သတင်းများရရှိ၍ တပ်မတော်က ဝင်ရောက်ရှင်းလင်းပြီး (SSPP/SSA) ဝမ်ဟိုင်းအဖွဲ့ကို ပထမဦးဆုံး အကြိမ် သတိပေးမှုများပြုလုပ်ခဲ့ရပါကြောင်း ပြောကြားသည်။

ဒုတိယအကြောင်းရင်းက ပိုပြီးအရေးကြီးပါကြောင်း၊ ယခုမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ဖမ်းဆီးရမိသည့်နေရာများသည် ယခင်က တပ်မတော်၏ စိုးမိုးမှုရှိပြီး အဖြူရောင်နယ်မြေဖြစ်ပါကြောင်း၊ သီပေါနှင့် မိုင်းရယ်အကြား ဆက်သွယ်ထားသည့် လမ်းနှင့်အနီးတစ်ဝိုက်တွင်ရှိသည့် စိန်ကြော့၊ ဆောင်ကြဲ၊ တောင်ဘက် နမ့်လန်တို့တွင် တပ်မတော်ရှိပါကြောင်း၊ သို့သော် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ၁၀၂၇ အမည်ခံ စစ်ရေးလှုပ်ရှားမှုနှင့် MNDAA ၏လှုပ်ရှားမှု ပေါ်လာပြီး လားရှိုးအပါအဝင် ထိုနေရာများမှ တပ်များ ခေတ္တဆုတ်ခွာခဲ့ရပါကြောင်း၊ ထို့နောက် ယင်းနေရာတွင် မိမိတို့နယ်မြေစိုးမိုးမှုမရှိသည့် နေရာဖြစ်သွားကြောင်း၊ နောက်ပိုင်းတွင် မိမိတို့နိုင်ငံနှင့် တရုတ်နိုင်ငံ၊ MNDAA အဖွဲ့တို့ ဟိုင်ဂင်ဆွေးနွေးပွဲ၏နောက်ဆက်တွဲ သဘောတူညီချက်များအရ MNDAA အနေဖြင့် လားရှိုးမှ ဆုတ်ခွာခဲ့ကြောင်း၊ ဆုတ်ခွာပေးလိုက်သည့် နေရာတွင်လည်း မိမိတို့တွင် သတ်မှတ်ပေးသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစည်းကမ်းများရှိကြောင်း၊ ယင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစည်းကမ်းများအရ နှစ်ဖက်တပ်များသည် နေရာချထားသည့် နေရာများတွင် ရှေ့မတိုး၊ နောက်မဆုတ်သာရှိခဲ့ကြောင်း၊ ယင်းကို အခွင့်ကောင်းယူပြီး ထိုဒေသများတွင်ရှိသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခဲ့ဖူးသည့်၊ ဇရှိသည့် မူးယစ်ဆေးဝါးသမားများ၊ ဝိသမလောဘသားများ၊ မရိုးသားမရိုးဖြောင့်သည့်(EAO)များနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများ ထူထောင်ခြင်း၊ မူးယစ်ဆေးဝါးချက်လုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းများကို လုပ်ဆောင်လာကြခြင်းဖြစ်ပါကြောင်း၊ **“တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ်”** ကြခြင်းပင်ဖြစ်ပါကြောင်း ပြောကြားသည်။

၂၀၂၅ ခုနှစ်အတွင်းတွင် တပ်မတော်အနေဖြင့် နယ်မြေများအခြေကျလာသည်နှင့်အမျှ နယ်မြေဒေသအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသ၊ နိုဝင်ဘာလအတွင်း၌ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးနှင့် ဒီဇင်ဘာလအတွင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီးတို့တွင် အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့မှုများရှိခဲ့ပါကြောင်း ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နှင့် မိုင်းရယ်မြို့အကြားတွင် အွန်လိုင်း လိမ်လည်မှုလုပ်နေသည့် နေရာများရှိသည်ဆိုပြီး သတင်းရရှိခဲ့ပါကြောင်း၊ လေကြောင်းကင်းထောက်မှုများ၊ မြေပြင်သတင်းစုံစမ်းခြင်းများ အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုသာမက မူးယစ်ဆေးဝါးနှင့်လည်း ပတ်သက်နေကြောင်း တွေ့ရသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် လျှပ်တစ်ပြက် အထူးစစ်ဆင်ရေးကို ထိရောက်ပြင်းထန်စွာ ဆောင်ရွက်ရန် ဆုံးဖြတ်ပြီး စစ်ဆင်ရေးစတင်ခဲ့ပါကြောင်း၊ စစ်ဆင်ရေးကို ဆောင်ရွက်ရာတွင် တပ်မတော်က တပ်ရင်း(၃)ရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲကွန်မန်ဒို တပ်ခွဲ(၃)ခွဲနှင့် အင်ပြည့်အားပြည့် ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆင်ရေးနယ်မြေတစ်ခုလုံးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က တိုက်ရိုက်ကွပ်ကဲပြီး **စာမျက်နှာ ၂၆ သို့**

# ပြည်သူ့ရှေ့ဆောင်ပါတီနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်

၁။ နိုင်ငံရေးပါတီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၇(ဂ)၊ ပုဒ်မ ၄၀၈နှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆(စ)ပါပြဋ္ဌာန်းချက်များအရ **“ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းမပြုရေး”**ကို စောင့်ထိန်းလိုက်နာရန်တာဝန်ရှိပြီး လိုက်နာရန်ပျက်ကွက်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၁-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၅/နငရ-ကြီးကြပ်(၄၉)/ကမရ ဖြင့် နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့ပြင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံရန်ရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကြိုတင်တင်ပြပြီးခွင့်ပြုချက်ရရှိမှသာ တွေ့ဆုံရန်ဖြစ်ကြောင်းနှင့် သင့်လျော်သည့်အစီအမံဖြင့် စိစစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်းကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၃-၈-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၅/နငရ-ကြီးကြပ် (၅၁)/ကမရ ဖြင့် နိုင်ငံရေးပါတီအားလုံးသို့ ထပ်မံအကြောင်းကြားခဲ့ပါသည်။

၃။ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် သံရုံးများ၊ အဖွဲ့အစည်းများနှင့်လျှို့ဝှက်စွာတွေ့ဆုံလျက်ရှိကြောင်း သိရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခွင့်ပြုချက်ရရှိမှသာ တွေ့ဆုံရန်နှင့် ခွင့်ပြုချက်မရရှိဘဲတွေ့ဆုံပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၂-၁၂-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၅ / နငရ-ကြီးကြပ် (၂၀၁) / ကမရ ဖြင့် ပြည်သူ့ရှေ့ဆောင်ပါတီဥက္ကဋ္ဌသို့လိပ်မူ၍ သတိပေးအကြောင်းကြားခဲ့ပါသည်။

၄။ ပြည်သူ့ရှေ့ဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထက်ထက်လှိုင်တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ခွင့်ပြုချက်တင်ပြခြင်းမရှိဘဲ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စားသောက်ဆိုင်တစ်ခု၌ ပြည်ပသံရုံးတစ်ရုံးမှ ပုဂ္ဂိုလ်အချို့နှင့် Mask တပ်ဆင်ပြီး တရားမဝင် လျှို့ဝှက်စွာတွေ့ဆုံခဲ့ကြောင်း သတင်းပို့တိုင်ကြားမှုရှိခဲ့ပါသည်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ မှန်ကန်ကြောင်းတွေ့ရှိရသည့်အပြင် ဒေါက်တာသက်သက်ခိုင်နှင့် ဒေါ်ထက်ထက်လှိုင်တို့မှလည်း မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူ့ရှေ့ဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထက်ထက်လှိုင်တို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**စာမျက်နှာ ၂၅ မှအဆက်**

နယ်မြေဒေသ အနီးကပ်ကွပ်ကဲမှုကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကွပ်ကဲခဲ့ပါကြောင်း၊ မြေပြင်တပ်များကွပ်ကဲမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ကိုယ်တိုင်ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သမိုင်းတစ်လျှောက် မူးယစ်ဆေးဝါး နှိမ်နင်းရေးစစ်ဆင်ရေးတွင် အကြီးမားဆုံးနှင့် ပမာဏအများဆုံး ရှင်းလင်း၊ ဖျက်ဆီး၊ ဖမ်းမိသည့် စစ်ဆင်ရေးဖြစ်ပါကြောင်း၊ ဤစစ်ဆင်ရေး၏ မည်မျှခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရမှု၊ နယ်မြေဒေသ၏ ခက်ခဲမှု၊ ပါဝင်ခဲ့ရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မဆုတ်မနစ်သော တာဝန်ထမ်းဆောင်မှုများကို လူကြီးမင်းတို့ ကွင်းဆင်းကြည့်ရှုလျှင် လက်တွေ့မကြာခင်တွေ့ရမည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးကို အောင်မြင်အောင် ကြီးကြပ်ကွပ်ကဲခဲ့သည့် တာဝန်ရှိသူများ၊ မြေပြင်တွင် ခက်ခက်ခဲခဲတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးကျူးလေးစား ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် နိုင်ငံတော်အစိုးရက ဆုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀၀ ကို စစ်ဆင်ရေးနယ်မြေမှာပင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မိမိတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လက်ရောက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဂုဏ်ယူစွာ ပြောကြားလိုပါကြောင်း၊ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ စစ်ဆင်ရေးကြာချိန် ဇန်ဝါရီ ၈ ရက်မှ ဇန်နဝါရီ ၁၂ ရက်ထိ ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် ဒုတိယနေရာမှ လက်ရှိသိမ်းဆည်းမိသည့် ဓာတုပစ္စည်းများအပေါ် ခန့်မှန်းတွက်ချက်မှုအရ အိုက်စ် ၂၇ တန် ခန့် (တန်ဖိုးငွေကျပ် ဘီလီယံ ၅၄၀) ထုတ်လုပ်နိုင်ပြီး စိတ်ကြွဆေးပြားအဖြစ် ပြောင်းလဲ ထုတ်လုပ်မည်ဆိုလျှင် စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အကယ်၍သာ ထိုစိတ်ကြွဆေးပြားများ ဈေးကွက်ထဲရောက်ရှိသွားမည်ဆိုလျှင် ငွေကျပ် ဘီလီယံ ၁၆၂၀ ခန့်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများ ပျံ့နှံ့သွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုက ထိုနေရာတွင် ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို လေ့လာဖော်ထုတ် သုံးသပ်ချက်အရ အိုက်စ် ၂၇ တန် သို့မဟုတ် စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့်ထက် ပိုမိုများပြားသည့် မူးယစ်ဆေးဝါးများကို ပုံမှန်ထုတ်လုပ်နိုင်မည်ဆိုသည်ကို စိစစ်တွေ့ရှိရပါကြောင်း ပြောကြားသည်။

ထို့နောက် မိမိတို့တွေ့ရှိရသည်မှာ မြန်မာနိုင်ငံအတွင်းတွင် ယခင်ကဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှု(Parking)ပုံစံအတိုင်းကို ယခုတွေ့ရှိသည့် စက်ကိရိယာများနှင့် ထုတ်လုပ်ထားသည့် မူးယစ်ဆေးဝါးထုပ်ပိုးမှု (Parking)ပုံစံများက ထပ်တူကျနေခြင်းဖြစ်ပါကြောင်း၊ ယင်းဒုတိယနေရာနှင့် တတိယနေရာတို့တွင် GUAN YIN WANG စာတန်းပါသည့် ထုပ်ပိုးခွံများနှင့် တရုတ်စာတန်းပါသည့် ထုပ်ပိုးခွံအမြောက်အမြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မိမိတို့ မြန်မာတစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် အိုက်စ် ၃၇ ဒသမ ၈၁၅ တန်ထဲတွင် GUAN YIN WANG စာတန်းပါသည့် ထုပ်ပိုးခွံနှင့် ထုပ်ပိုးထားသည့် အိုက်စ် ၁၁ ဒသမ ၆၈၆ တန်နှင့် တရုတ်စာတန်းပါ ထုပ်ပိုးခွံနှင့် ထုပ်ပိုးထားသည့် အိုက်စ် သုည ဒသမ ၉၆ တန်၊ စုစုပေါင်း ၁၂ ဒသမ ၆၄၆ တန် (စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၅၂ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့ခြင်းကို စိစစ်တွေ့ရှိရသည့်အတွက် ထိုနေရာနှစ်ခုမှ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့်ပမာဏသည် ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် အိုက်စ်ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာသုံးခုသည် မိမိတို့ မြန်မာနိုင်ငံအတွင်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာများဖြစ်နိုင်သည်ဟု စိစစ်တွေ့ရှိရပါကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး တင်ပို့ရောင်းချသည့် လမ်းကြောင်းများရှိကြောင်း၊ မိမိတို့ဖော်ထုတ်ဖမ်းဆီးရရှိသည့် လမ်းကြောင်းများကို အနည်းငယ် မိမိ ရှင်းပြလိုကြောင်း၊ ထိုလမ်းကြောင်းများသည် အများအားဖြင့် သီပေါမှ၊ မိုင်းရယ်ဒေသမှ အောက်ဘက်ကို ထွက်သည့်လမ်းကြောင်းရှိကြောင်း၊ ထွက်သည့်လမ်းကြောင်းများတွင် ပင်လယ်ပြင်၌ ဖမ်းဆီးရမိသည်များမှာ မလေးရှားနိုင်ငံ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံဘက်သို့ ပို့ဆောင်ခြင်းများရှိကြောင်း၊ယင်းနိုင်ငံများသို့ပို့သည့် ရေလမ်းကြောင်းတွင် တွေ့ရှိရသည်များမှာ AA အကြမ်းဖက် သောင်းကျန်းသူများနှင့် ပတ်သက်ကြောင်း၊ ဖမ်းဆီးရမိသည်များမှာလည်း AA အကြမ်းဖက်သောင်းကျန်းသူများက ဦးစီးပြီးလုပ်နေသည်ကို တွေ့ရကြောင်း၊ နောက်ထပ်လမ်းကြောင်းသည် လှိုင်ကော်၊ တောင်ငူဘက်ကနေပြီး ထိုင်းနိုင်ငံထဲသို့ဝင်သည့် လမ်းကြောင်းဖြစ်ကြောင်း၊ ယင်းနေရာကို သွားသည့်လမ်းကြောင်းများသည် KNU၊ KNLA၊ NUG၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်နေသည်ကို တွေ့ရကြောင်း၊နောက်တစ်ခုအနေဖြင့် ကလေးဝဘက်၊ ကလေးဘက်လမ်းကြောင်း၊ ယင်းနေရာများတွင်လည်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုဖမ်းဆီးရမိမှုများသည် အများအားဖြင့် PDF၊ CDF ချင်းကာကွယ်ရေးတပ်ဖွဲ့ဟု အမည်ခံထားသည့် အဖွဲ့များနှင့် ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ အနှစ်ချုပ်ပြောရမည်ဆိုလျှင် ယင်းနေရာများမှထွက်ပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအများစုသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် တချို့သော မရိုးဖြောင့်သည့် EAO အဖွဲ့များနှင့် တိုက်ရိုက်ပါဝင်ပတ်သက်နေကြောင်း၊ ၎င်းတို့၏ ငွေရလမ်းကြောင်းသည် ယင်းလုပ်ငန်းသည် အဓိကဖြစ်နေသည်ကို တွေ့ရကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးလုပ်ငန်းများသည် မိမိတို့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတိုင်းကလည်း အမျိုးသားရေးတာဝန်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံကကြိုးပမ်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာကပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြမည်ဆိုလျှင် ယခုထက်ပိုပြီး လျင်လျင်မြန်မြန်နှင့် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး တစ်မျိုးသားလုံးကို လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းချသည့် လုပ်ငန်းများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အကျိုးယုတ်စေမည့်လုပ်ငန်းများဖြစ်သကဲ့သို့ ဒေသတွင်း နိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမည့် လုပ်ငန်းများဖြစ်သဖြင့် မိမိနိုင်ငံရှိ ပြည်သူအားလုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် ရရှိလာသည့်သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြရန်၊ သတင်းဖလှယ်ကူညီပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အားလုံးကိုကျေးဇူးတင်ကြောင်း ပြောကြားသည်။ (၅၀၁)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြို့ပြပုံဆွဲဘာသာရပ် (BT 301)** **ခွင့်ပြုချိန် (၄:၀၀)နာရီ**

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ R.C.C Slab Culvert ၏ (က) Half Bottom Plan (၃၀ မှတ်)
(ခ) Half Top Plan (၂၀ မှတ်)
(ဂ) ကန့်လန့်ဖြတ်ပိုင်းပုံ (၃၀ မှတ်)
(ဃ) အလျားလိုက်ဖြတ်ပိုင်းပုံ တို့ကို (၂၀ မှတ်)
စကေး ¼" = 1' ဖြင့်ဆွဲပါ။

R.C.C Slab Culvert ၏ ယေဘုယျသတ်မှတ်ချက်များနှင့် ပုံကြမ်းများကို အောက်တွင်ဖော်ပြထားသည်။

Clear Span – 9'–0"

Effective Span – 10'–6"

Reduced Levels – RCC slab & တာရိုး၏ထိပ် = 198.58 ပေ
NGL = 192.58 ပေ၊ ရေနုတ်မြောင်းအောက်ခြေ = 191.83 ပေ

တာတမံ (Embarkment) – ထိပ်အကျယ် = လမ်း ၁၂ ပေ + လမ်းတစ်ဖက် တစ်ချက်ရှိ လမ်းပခုံး ၃ ပေ။ ဘေးဘက်ဖို့မြေလျှောစောက် = 1½ H : 1 V

RCC Slab – 9" အထူ 1:2:4 သံကူကွန်ကရစ်ကြမ်းခင်း။

Beams – 15" x 6" 45 ပေါင် သံမဏိဆင့် (RSJ) ကို တစ်ခုနှင့် တစ်ခုကြား 5'–10" စီ C/C ခြား၍ ထောက်မထားသည်။


တံတားအစွန်း ပလက်ဖောင်း – RCC ကြမ်းခင်းပေါ်တွင် 1:2:4 ကွန်ကရစ်ဖြင့် 13½" x 9" အထူရှိသော ပလက်ဖောင်း။

Abutment, Wing Wall & Return Wall – မြေကာနံရံအားလုံးကို 1:3 အချိုးသရွတ်ဖြင့် အုတ်စီထားပါသည်။ Wing Wall များကို Abutment နံရံနှင့် Construction joint ခံ၍ တည်ဆောက်ထားပါသည်။ နံရံအားလုံးအတွက် အုတ်မြစ်အနက်သည် 4'–0"။ Return Wall ၏အမြင့်မှာ အုတ်မြစ်အထက် 4'–0" ဖြစ်ပြီး ၎င်း၏ အတိုဆုံး အလျားမှာ 1'–6" ဖြစ်သည်။

End piers – 18" x 18" အုတ်တိုင်အမျိုးအစား RCC slab အထက် 5'–3" အမြင့်။

လက်ရန်းသံတန်း – အချင်း ၂ လက်မ ပိုက်အား ရေပြင်ညီ ၄ တန်းထားရှိရမည်။ အပေါ်ဆုံးသံတန်း၏ အလယ်ဗဟိုသည် RCC slab အထက် 3'–9" ဖြစ်သည်။

လမ်း – သံကူကွန်ကရစ် Slab နှင့် Water Bound Macadam အောက်ခံလွှာပေါ်တွင် 3" အထူရှိသော ကတ္တရာမျက်နှာပြင်အား ရေမတင်စေရန် အနည်းငယ်ခုံး၍ ခင်းထားသည်။




*************************************************************

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း (BT 302)** **ခွင့်ပြုချိန် (၃)နာရီ**

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့ကိုမှန်လျှင်(မှန်) မှားလျှင်(မှား)ဖြေဆိုပါ။ (၁၀ မှတ်)

(၁) သစ်၏အူတိုင်တစ်ဝိုက်ရှိသော အတွင်းသားကို အနှစ်သားဟုခေါ်သည်။
(၂) ဖန်တီးသောနည်းဖြင့် အသားသေစေခြင်း နည်းလမ်းမှာ အချိန်ပိုကြာသောကြောင့် အသုံးပြုခြင်း နည်းပါးသည်။
(၃) ခေါက်ပေတံသည် တိုင်းတာခြင်းတွင်သုံးသော အတိုင်းအတာကိရိယာဖြစ်ပါသည်။
(၄) ပိုး၍ဆက်ခြင်း (Fish joint)သည် ရှည်အောင်ဆက်နည်း (Lengthing Joint) အမျိုးအစား ဖြစ်သည်။
(၅) အခန်းအတွင်း လေဝင်လေထွက် ကောင်းစေရန်အတွက် တံခါးများကို ဆန့်ကျင်ဘက်နံရံများတွင် ထားရှိသင့်သည်။
(၆) စံသတ်မှတ်ထားသော ပြတင်းပေါက်၏ အမြင့်သည် ယေဘုယျအားဖြင့် ကြမ်းပြင်အဆင့်မှ ၉၀၀ မီလီမီတာ သို့မဟုတ် ၃ ပေဖြစ်သည်။
(၇) လျှောတံခါးများကို ကားဂိုဒေါင်များ သို့မဟုတ် ဈေးဆိုင်များအတွက် အထူးသင့်လျော်ပြီး ကြီးမားသောအဖွင့်များ ပြုလုပ်နိုင်သည်။
(၈) ကြိုက်ပုံစံသစ်သားတုံးများကို ဖားတုံး(purlin cleats) ဟု ခေါ်ပါသည်။
(၉) Couple close roof (အခြေထိန်းထုပ်တန်းနှင့် နှစ်ဖက်စောင်းအမိုး) အမိုးများကို ၄ မီတာ ရှိသော ခန်းပွင့်များအတွက် အသုံးပြုနိုင်သည်။
(၁၀) လှေကားခြေနင်းနှစ်ခုအကြား အထက်အောက် တည့်မတ်စွာရှိသော အစိတ်အပိုင်းကို လှေကားခြေနင်း(Tread)ဟု ခေါ်သည်။

(ခ) အောက်ပါတို့၏ အမှန်ကန်ဆုံးအဖြေကို ရွေးချယ်ပါ။ (၁၀ မှတ်)

(၁) ...........တိုက်ခွဲနည်းသည် လွယ်ကူမြန်ဆန်ပြီး အလေအလွင့် အနည်းဆုံးဖြစ်ပါသည်။
(က) အချပ်လွှာ (ခ) ဖရုံစိတ် (ဂ) လေးပိုင်းပိုင်း၍
(၂) ပင်စည်၏ အလယ်ဗဟိုတွင်ရှိသော ပျော့ပျောင်းသောအပိုင်းကို.................. ဟု ခေါ်သည်။
(က) အူတိုင် (ခ) အနှစ်သား (ဂ) အခေါက်
(၃) လက်သုံးကိရိယာများကို အမျိုးအစား ......................မျိုး ခွဲခြားနိုင်ပါသည်။
(က) ၃ (ခ) ၄ (ဂ) ၅
(၄) .................. နည်းကို သစ်သားကြမ်းခင်း ပျဉ်ပြားဆက်ရာနှင့် တံခါးများတွင် ပျဉ်များ ချထားရန်အတွက် အသုံးပြုသည်။
(က) ဘေးတိုက်ဆက်နည်း (ခ) ရှည်အောင်ဆက်နည်း (ဂ) အစောင်းဆက်နည်း
(၅) ထုပ်တန်းများကြားတွင်ရှိသော ဧရိယာကို....................ဟု ခေါ်သည်။
(က) sill (ခ) panel (ဂ) Sash Door
(၆) တံခါးရွက်ကိုအပေါ်ဘက်တွင် ပတ္တာတပ်ဆင်ထားပြီး အပြင်ဘက်သို့ ရွေ့နိုင်ခြင်းကို..................... ဟုခေါ်သည်။
(က) အပေါ်ပတ္တာ (ခ) အောက်ခြေပတ္တာ (ဂ) ဆုံလည်
(၇) ပုံတွင် ပြထားသော လက်သုံးကိရိယာ၏နာမည်မှာ.......................ဖြစ်ပါသည်။
(က) ဆောက်ခုံး (ခ) စရွေးဆောက် (ဂ) အုတ်တွင်းဆောက်



ပုံ (၁)

(၈) မြင်းမိုရ်၌ အစွန်းထွက်နေသော မြားတန်းများ၏ ထိပ်ကို ဖုံးအုပ်ထားသော ပျဉ်ပြားကို ............................ ဟုခေါ်သည်။
(က)ဘဲတောင် (ခ) တံစက်မြိတ် (ဂ)မြင်းမိုရ်
(၉) လှေကားများသည် ၎င်းတို့၏အလျားတစ်လျှောက် ဦးတည်ရာတစ်ဖက်တည်းသို့သာ ဆက်သွားနေသော လှေကားကို..........................လှေကားဟုခေါ်သည်။
(က) Straight Flight (ခ) Quarter Turn (ဂ) Half Turn
(၁၀) လှေကားလက်ရန်း တောင့်တင်းစေရန် ထောက်ထားသော ဒေါင်လိုက်အစိတ်အပိုင်းများကို ............................ ဟုခေါ်သည်။
(က) Newels (ခ) Baluster (ဂ) Hand Rail

(ဂ) အောက်ပါတို့၏ အဖြေမှန်များကို အဖြေလွှာစာအုပ်တွင် ရေးသားဖြေဆိုပါ။ (၁၀ မှတ်)


(၁) သစ်သားကို ခွဲစိတ်ခြင်းနည်းလမ်းမှာ.....................ရှိပါသည်။
(၂) သစ်သားများကို.....................(ကြေးနီအခြေခံ)ကို အသုံးပြု၍ ထိန်းသိမ်းနိုင်ပါသည်။
(၃) ...................ကိရိယာများကို ပြင်ပအတိုင်းအတာများအတွက် အသုံးပြုပြီး မှတ်သားမှု တိကျစေရန် ပတ္တာကွေးစတီးလ် ခြေထောက်တစ်စုံပါဝင်ပါသည်။
(၄) ....................သည် သစ်သားများကို အလျားလိုက် ချိတ်ဆက်ပေးသည်။
(၅) စံသတ်မှတ်ထားသော တံခါးဆိုက်မှာ......................ဖြစ်သည်။
(၆) ကျည်းပေါင်၏အောက်ခြေတွင် အလျားလိုက် ဖွဲ့စည်းထားသောအဖွဲ့ဝင်ကို .......................ဟု ခေါ်သည်။

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှ အဆက်

( ၇ ) ပြတင်းပေါက်ရွေ့လျားမှုများ၏ အထွေထွေအမျိုးအစားများ (types of window movements) ............................ ရှိပါသည်။

( ၈ ) ပေးထားသော လက်သုံးကိရိယာပုံ၏အမည်မှာ...................ဖြစ်ပါသည်။



ပုံ (၂)

( ၉ ) အပေါ်ထပ်သို့တက်သွားစဉ် သုံးကြိမ်တိုင် လက်ယာရစ် (သို့) လက်ဝဲရစ် လှည့်တက်ရသော လှေကားမျိုးဖြစ်သောကြောင့်..............ဟု ခေါ်သည်။

(၁၀) ခေါင်မိုး၏ အောက်ဆုံးအနားကို .....................ဟု ခေါ်သည်။

အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ အောက်ပါတို့ကိုဆွေးနွေးတင်ပြပါ။ (၃၀ မှတ်)

(က) အနှစ်သားနှင့် အကာသားအကြောင်းကို ဖော်ပြပါ။

( ခ ) အချင်းတိုင်းကိရိယာ၏ အသုံးပြုပုံကို ဖော်ပြပါ။


( ဂ ) ရှည်အောင်ဆက်နည်း အမျိုးအစားအမျိုးမျိုးကို ဖော်ပြပါ။

(ဃ) တံခါးပေါက်လှုပ်ရှားမှုများ၏ ယေဘုယျအမျိုးအစားများကို ဖော်ပြပါ။

( င ) ခေါင်မိုးအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

Calculate the splice length for beam in the following figure?




Lapping for Beam

ပုံ (၃)

(စ) လှေကားအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

သစ်လုံးပတ်ဖြတ်လက်မနှင့် အရှည် ၃၂ပေရှိသော သစ်လုံးကို ကုဗပေနှင့်တန်ဖွဲ့ပြပါ။

အပိုင်း (ဂ)

အောက်ပါတို့မှ နှစ်သက်ရာ(နှစ်ပုဒ်)ကို ဖြေဆိုပါ။

၃။ (က) သပ်ရပ်သော ပုံကြမ်းဖြင့် (exogenous) သစ်ပင်များ၏ ခန္ဓာဗေဒပုံစံကို ရေးဆွဲပါ။ (၂၀ မှတ်)


( ခ ) အမိုးတွင် အသုံးပြုသည့် ဝေါဟာရအမျိုးအစားအမျိုးမျိုးကို ချရေးပြီး ကြိုက်နှစ်သက်ရာ အမျိုးအစား (၅)မျိုးကို ရှင်းပြပါ။

၄။ (က) လှ အမျိုးအစားများ၏ အမည်များကို ချရေးပါ။ (၂၀ မှတ်)

( ခ ) Tabulate the total weight of bar for column (Bar Bending Schedule) in the following figure? (with tie bars)

(Unit weight of 16 mm(5/8") bar = 1.044 lb/ft)

(Unit weight of 8 mm(5/16") bar = 0.265 lb/ft)




(F) FOOTING SECTION ( TYPICAL )

ပုံ (၄)

၅။ အောက်ပါဝေါဟာရများကို အဓိပ္ပာယ်သတ်မှတ်ပါ။ (၂၀ မှတ်)

(က) Panel (ခ) တံခါးအောက်ခံ (ဂ) တံခါးရွက် (ဃ) တံခါးတိုင်

(င) အပေါ်ဆုံးထုပ် (စ) သော့ခတ်ထုပ် (ဆ) အောက်ခြေထုပ် (ဇ) ကြက်ရင်တန်း

(ဈ) Sash door (ည) ကျည်းဘောင် (သို့) ကျည်းခွေ

(သို့မဟုတ်)

(က) Draw the splice length for beam (Top Bar and Bottom Bar) with neat sketch?

( ခ ) Draw a neat sketch for dovetail halving joint?

## ၂၀၂၆ ခုနှစ်

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြေတိုင်းဘာသာရပ် (BT 303) ခွင့်ပြုချိန် (၃)နာရီ

အပိုင်း (က)

မေးခွန်းအားလုံး ဖြေဆိုပါ။

၁။ (က) အောက်ပါတို့မှ အမှန်ကန်ဆုံးအဖြေကို ရွေးချယ်ပါ။ (၁၀ မှတ်)

(၁) Levelling တွင် staff reading များဖတ်သောအခါ line of collimation သည် ........... ဖြစ်သင့်သည်။

(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) (က) နှင့် (ခ)

(၂) Line of sight သည် အလျားလိုက်ဖြစ်သော်လည်း level line သည် မျဉ်းကွေးဖြစ်ပြီး မြေကြီး၏ ခုံးနေသော ပျမ်းမျှမျက်နှာပြင်နှင့်............... ဖြစ်သည်။

(က) အပြိုင် (ခ) ထောင့်မှန် (ဂ) ထက်ဝက်ပိုင်း

(၃) ..............သည် ကမ္ဘာမြေမျက်နှာပြင်နှင့် အပြိုင်ဖြစ်သည်။

(က) Horizon (ခ) Meridian (ဂ) Horizon

(၄) Theodolite သည် ................ထောင့်များကို တိုင်းတာသည့် instrument တစ်ခု ဖြစ်သည်။

(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) အလျားလိုက် နှင့် ဒေါင်လိုက်

(၅) End area formula ကို..............formula ဟုလည်း ခေါ်ဆိုသည်။ ဖြင့် တွက်ယူနိုင်သည်။

(က) trapezoidal (ခ) prismoidal (ဂ) principle of reversal

(၆) ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အတွက် five-level (သို့မဟုတ်)........... section ကို အသုံးပြုသည်။

(က) multi-level (ခ) transition (ဂ) side-hill

(၇) Closed traverse တစ်ခုတွင် north latitudes နှင့် south latitudes ပေါင်းခြင်းသည် ..............နှင့်ညီသည်။

(က) 60 (ခ) 0 (ဂ) 180

(၈) SE quadrant တွင် latitude ၏ လက္ခဏာသတ်မှတ်ချက်မှာ.................... ဖြစ်သည်။

(က) အပေါင်း (ခ) အနုတ် (ဂ) သုည

(၉) Horizontal curve များကို အမျိုးအစား ............... ခွဲခြားနိုင်သည်။

(က) ၄ (ခ) ၅ (ဂ) ၆

(၁၀) .............. curve များသည် မတူညီသောအချင်းများရှိသည့် နှစ်ခု (သို့မဟုတ်) ထက်ပိုသော ပေါင်းစပ်မှုဖြစ်သည်။

(က) compound (ခ) reverse (ဂ) spiral

(ခ) အောက်ပါတို့၏ အမည်များကို အဖြေလွှာစာအုပ်တွင် ရေးသားဖြေဆိုပါ။ (၁၀မှတ်)




အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ A Dumpy level was set up at C exactly midway between two pegs A and B 100 metres apart. The readings on the staff when held on the pegs A and B were 2.250 and 2.025 respectively. The instrument was then moved and set up at a point D on the line BA produced, and 20 metres from A. The respective staff reading on A and B were 1.875 and 1.670, Calculate the staff readings on A and B to give a horizontal line of sight? (၁၀မှတ်)

၃။ A road at the formation level is 6 m wide and has a side slope of 2:1. The road is to have a constant R.L. of 200 m. The ground is level across the centre line of the road. The following observations were made: (၁၀မှတ်)

| Chainage (m) | 0 | 20 | 40 | 60 | 80 | 100 |
|---|---|---|---|---|---|---|
| Surface levels | | | | | | |
| Along c/l of raod | 204.6 | 203.0 | 200.8 | 201.6 | 202.0 | 200.2 |

Estimate the volume of earthwork?

၄။ Coordinates of two points A and B are given below. A third point C has been chosen in such a way that bearings of AC and CB are 29°30' and 45°45', respectively. Calculate the lengths of the lines AC and CB? (၁၀မှတ်)

| Point | North | Easting |
|---|---|---|
| A | 150 | 200 |
| B | 1500 | 1300 |

စာမျက်နှာ ၂၉ သို့

စာမျက်နှာ ၂၈ မှ အဆက်

၅။ A circular curve has a 200 m radius and 65° deflection angle. What is its degree (a) by arc definition and (b) by chord definition. Also calculate: ( i ) length of curve, ( ii ) tangent length, ( iii ) length of long chord, ( iv ) apex distance, and ( v ) mid-ordinate. (၁၀မှတ်)

အပိုင်း (ဂ)

အောက်ပါတို့မှနှစ်သက်ရာ(နှစ်ပုဒ်)ကိုဖြေဆိုပါ။

၆။ (က) Collimation line သည် အထက်သို့ (upward) တိမ်းညွှတ်မှုကြောင့် ဖြစ်ပေါ်သော error သည် လုံးလုံးလျားလျား ဖယ်ရှားနိုင်ပြီး apparent difference သည် true difference နှင့်ညီမျှကြောင်းသက်သေပြပါ။ (၂၀မှတ်)

(ခ) မည်သည့်အခြေအနေတွင် staff ကိုအတည့်တိုင်း၍ မည်သည့်အခြေအနေတွင် staff ကို ပြောင်းပြန်(inverted)တိုင်းပါသနည်း။ Inverted staff အသုံးပြုသောနေရာ (၃)မျိုးကို ဖြေဆိုပါ။

During the construction work, the following notes are recorded. Reading on Peg A and B on ground were 1.988 and 1.556. Reading on inverted staff at points C and D on ground were 3.682 and 4.832. The instrument was then shifted and read on point D again. Reading on point D was 3.175. Reading on pegs E, F and G were 4.112, 3.785 and 3.298 respectively. Assume the first reading was taken on a BM of RL100.000m and find the RLs of remaining reading?

၇။ (က) Traversing ဟူသည်အဘယ်နည်း။Traverseတိုင်းတာရာတွင်မည်သည့်ကိရိယာများကို မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသနည်း။ Traverse အမျိုးအစားများကို ဖော်ပြပြီး ၎င်းတို့အား ဥပမာနှင့်တကွ ဖြေဆိုပါ။ (၂၀မှတ်)

(ခ) For the following traverse, compute the length of line CD so that A, D and E may be in one straight line.

| Line | Length (m) | Bearing |
|---|---|---|
| AB | 110 | 83°12' |
| BC | 165 | 30°42' |
| CD | ? | 346°06' |
| DE | 212 | 16°18' |

၈။ (က) Theodolite instrument ကို object မှ 25’ 7’’ အကွာအဝေးတွင် set up ပြုလုပ်ထားပါသည်။ Zenith angles တန်ဖိုးများမှာ 41°10’55’’ နှင့် 99°25’55’’တို့ဖြစ်ပါသည်။ ထို object ၏အမြင့် (vertical height) ကိုရှာပါ။ အထက်ပါလုပ်ငန်းစဉ်အား Theodolite instrument ကို အသုံးပြု၍ တိုင်းတာမည်ဆိုပါက မည်သည့်ကိရိယာများကို ယူဆောင်သွားရန် လိုအပ်ပါသနည်း။ (၂၀မှတ်)

(ခ) A road embankment is 8 m wide and 200 m in length, at the formationlevel, with a side slope of 1.5:1. It has a falling gradient of 1 in 100 m.

| Distance (m) | 0 | 100 | 200 | 300 | 400 |
|---|---|---|---|---|---|
| R.L. (m) | 164.5 | 165.2 | 166.8 | 167 | 167.2 |

The formation level of zero chainage is 166 m. Calculate the volume of earthwork?

*********************************************************

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၅၇၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အာလူး ဧက ၅၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူး ဧက ၆၈၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အာလူး ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူး စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၅၁ ဧက၊ တမူးခရိုင်တွင် ၈၃၇ ဧက၊ ကလေးခရိုင်တွင် ၃၁၉ ဧက၊ ခန္တီးခရိုင်တွင် ၁၂၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ဧက ၃၆၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်၄၀၇ ဧက၊ရွှေဘိုခရိုင်တွင် ၁၇၅၃ ဧက၊ရေဦးခရိုင်တွင် ဧက၂၅၀၊ စစ်ကိုင်းခရိုင်တွင် ၂၀၂ ဧက၊ ကသာခရိုင်တွင်၆၈၃ ဧက၊ကောလင်းခရိုင်တွင် ဧက ၁၉၀ စုစုပေါင်း ၅၇၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်တောင်သူများအနေဖြင့် အာလူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အာလူးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အာလူးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ် ကျိုက်စကောအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်စကောအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်ကြည်က ကျိုက်စကောအရှေ့ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့်အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးမြင့်ကြည်က ကျိုက်စကောအရှေ့ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျိုက်စကောအရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၃၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၃ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။


၅။ လျှောက်လွှာများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

**Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

- (က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
- (ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
- (ဂ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
- (ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
- (င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
- (စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
- (ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။
- (ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
- (ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။
- (စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
**ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်(၁)ရွာ၊ လယ်ဦးရပ်ကွက်နေ အောင်ဇင်မိုး (ဘ) ဦးလောက်ကွေ့(၉/မကန(နိုင်)၁၈၃၀၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-018946)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-756004986

### ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်နေ နေခင်သန်းနု (ဘ) ဦးနု(၁/ဗမန(နိုင်)၀၀၃၇၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-265143773

### ဖခင်အမည်မှန်

မလှိုင်မြို့၊ I.C ကိုယ်ပိုင်ကျောင်း၊ Grade-12 တန်းတွင်ပညာသင်ကြားနေသော မတွယ်တာဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလင်းလင်းဖြစ်ပါကြောင်း။
ဦးလင်းလင်း(၉/မလန(နိုင်)၁၆၄၆၅၇)

### ဖခင်အမည်မှန်

မလှိုင်မြို့၊ အ.ထ.က ပန်းအိုင်၊ Grade-9 တွင် ပညာသင်ကြားနေသော မလှိုင်ရတနာအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းအောင်ဖြစ်ပါကြောင်း ။
ဦးသိန်းအောင်(၉/တသန(နိုင်)၀၃၂၁၄၆)

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိ ချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို ဘိုးဘက်ကောင်းမွန်စေသည်။



❖ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး လှိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ဖွင့်ပွဲနှင့် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက် စာမျက်နှာ - ၁၆

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ စာမျက်နှာ - ၂၇

# မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖော်ထုတ်သိမ်းဆည်းရမိမှုတို့နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ သတင်းစာရှင်းလင်းပွဲကျင်းပ

## ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများသို့ သွားရောက်၍ မြေပြင်ကွင်းဆင်းလိုက်လံရှင်းလင်းပြသ



နေပြည်တော် ဇန်နဝါရီ ၁၄

လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် ဘိန်းဖြူမက်သ်အဖက်တမင်း(Methamphetamine)၊မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများနှင့်မူးယစ်ဆေးဝါးများကို အဓိကချက်လုပ်သည့်နေရာဟု ယူဆသည့်နေရာများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖော်ထုတ် သိမ်းဆည်းရမိမှုတို့နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။


# တပ်မတော်စစ်ကြောင်းများက မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စစ်ဗျူဟာအရေးကြီးနေရာများနှင့် နယ်မြေခံတပ်ရင်းကို ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့ကို တစ်ခုပြီးတစ်ခုပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်းဒေသတစ်ဝိုက်တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအပေါ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာအသုံးပြုနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်းဆက်သွယ်ရေးလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❍

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ စိန်ကုန်းကျေးရွာအနီး နယ်မြေခံတပ်ရင်းနှင့်ဝန်းကျင်ဒေသတစ်ခုလုံးအား အလုံးစုံပြန်လည်ထိန်းချုပ်




OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်–စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill) မြန်မာပြည်တွင်ထုတ်လုပ်သည် သကြားဖြူ White Sugar